# လွန်းထားထား
(ဆေးတက္ကသိုလ်)

## ဝတ္ထုတို ၁၀၀



design. bo bo htoon

## “ဝတ္ထုတို (၁၀၀) စုစည်းမှု အမှတ်တရစကား”

လူတိုင်း လူတိုင်းရဲ့ဘဝမှာ မှတ်တိုင်ကလေးတွေ အသီးသီး စိုက်ထူခဲ့ဖူးကြမှာပါ နော်။ ထင်ရှားတာလည်း ရှိချင်ရှိမယ်။ မထင်ရှားသော်လည်းပဲ ကိုယ့်အတွက်တော့ အမှတ်တရအဖြစ် အမြဲကျန်ရစ်နေစေမယ့် မှတ်တိုင်မျိုးတွေလည်း ရှိမယ်။ ရည်ရွယ်ချက်ကတော့ အမှတ်တရ ရှိစေချင်တာပါ။ ဘဝမှာ လူတိုင်းလိုလို လမ်း တော်တော်များများကို လျှောက်လှမ်းဖြတ်သန်းလာခဲ့ပြီးချိန်မှာ တစ်ခါတစ်ရံ ကိုယ် လျှောက်ခဲ့တဲ့လမ်းဆီ အမှတ်တမဲ့ကလေးပဲဖြစ်ဖြစ်၊ အမှတ်ထင်ထင်ပဲဖြစ်ဖြစ် ပြန်လှည့်ကြည့်မိတတ်စမြဲပါ။ အဲ့ဒီအခါမှာ ကိုယ်စိုက်ထူခဲ့တဲ့ အမှတ်တရ မှတ်တိုင်ကလေးတွေကို ပြန်မြင်ရတဲ့အခါ ကြည်နူးပီတိတစ်မျိုးကို ခံစားရတာ ဟာ ဘာနဲ့မှ နှိုင်းမရဘူးလေ။ ကျွန်မလည်း ဘဝမှာ မှတ်တိုင်ကလေးတွေ အမှတ်တရ စိုက်ထူခဲ့ရတာ ကို သဘောကျပါတယ်။

မှတ်မှတ်ရရ ၁၉၈၈ လောက်မှာ ကျွန်မ ဝတ္ထုတိုကလေးတွေ စရေးပြီး မဂ္ဂဇင်းတိုက်တွေဆီ တစ်တိုက်ဝင် တစ်တိုက်ထွက် နေပူမိုးရွာမရှောင် ဖွဲသန်သန်နဲ့ လိုက်ပို့ဖြစ်ခဲ့တာကလေးတွေကို ခုနေပြန်တွေးကြည့်မိတော့ သိပ်လွမ်းပါတယ်။ မဂ္ဂဇင်းတွေမှာ ကိုယ့်ဝတ္ထုတိုကလေးတွေပါလာရင် အိပ်လို့တောင် မပျော်နိုင် တသိမ့်သိမ့် ကြည်နူးရင်ခုန်လို့ပေါ့။ အမှန်အတိုင်းပြောရရင် ဝတ္ထုတိုတွေကို ကျွန်မ ပိုချစ်ပါတယ်။ အခု ၂၀၀၆ ခုနှစ်အထိ ကျွန်မ ဖြတ်သန်းလျှောက်လှမ်းလာခဲ့တဲ့ ဆယ့်ရှစ်နှစ်ကျော်ကာလအတွင်းမှာ ကျွန်မရေးဖြစ်ခဲ့တဲ့ဝတ္ထုတိုပေါင်း (၂၀၀) ကျော် လောက် ရှိပါတယ်။ ကျွန်မရေးခဲ့သမျှ ဝတ္ထုတိုကလေးတွေကို တစ်စုတစ်စည်း တည်း

စုစည်းပြီး မှတ်တိုင်လေးတစ်တိုင်အဖြစ် စိုက်ထူချင်နေမိတဲ့ဆန္ဒကလေးက ကျွန်မရင်ထဲမှာ ကိန်းဝပ်ရှင်သန်နေခဲ့တာ ကြာပါပြီ။ ခုတော့ ကျွန်မရဲ့ဆန္ဒကလေး အကောင်အထည်ဖော်ဖြစ်အောင် ကျွန်မရဲ့ဖခင်က တိုက်တွန်းစေ့ဆော်ပေးခဲ့ပြီး ကျွန်မရဲ့ထုတ်ဝေသူ ကိုကျော်လှိုင်က စီစဉ်ထုတ်ဝေပေးခဲ့ပြီမို့ ကျေးဇူးအထူးတင်မိပါတယ်။

ဝတ္ထုတို ၃၀၀ ကျော်လုံးကို တစ်စုတစ်စည်းတည်း စုစည်းထုတ်ဝေနိုင်ဖို့ ဆိုတာကတော့ စက္ကူဈေးပါးတဲ့ အခက်အခဲနဲ့ စာအုပ်သိပ်ထူပြီး ပရိသတ်အတွက် ဈေးသိပ်ကြီးသွားမှာစိုးတဲ့ အခက်အခဲတွေကြောင့် ဝတ္ထုတို (၁၀၀) ကိုပဲ ကောင်းနိုးရာရာကလေးတွေ ပရိသတ်အတွက် အမှတ်တရ စွဲမက်နှစ်ခြိုက်နိုင်စေမယ့် ကျွန်မစိတ်ကြိုက်ကလေးတွေ ရွေးချယ်စုစည်းပြီး ပရိသတ်လက်ထဲရောက်နိုင်အောင် ထုတ်ဝေလိုက်ရတာ ပါ။

အဲဒီ အတွက် ကျွန်မရဲ့ဝတ္ထုတွေကို စိတ်ရှည်လက်ရှည် အချိန်ယူပြီး ပရု(ဖ်) ဖတ်ပေးခဲ့တဲ့ ကျွန်မရဲ့ဖေဖေကို ကျေးဇူးတင်မိသလို ဝတ္ထုတို (၁၀၀) ကို ခန့်ခန့် ထည်ထည်ကလေးဖြစ်အောင် စေတနာနဲ့ စီစဉ်ထုတ်ဝေပေးခဲ့တဲ့ ကိုကျော်လှိုင် (စေတနာစာပေ) ကိုလည်း ကျေးဇူးတင်ရပါတယ်။
ကျေးဇူးအတင်ရဆုံးကတော့ ကျွန်မ ရေးသမျှစာတွေကို ခုချိန်အထိ အရှိန်အဟုန်မပျက် အားပေးနှစ်သက်နေဆဲ ဖြစ်တဲ့ ကျွန်မရဲ့ချစ်ပရိသတ်ကြီးပါ။ စာရေးခြင်းကို ဆေးစွဲသလို စွဲပြီး၊ စာမရေးရရင် မနေနိုင်တဲ့ ကျွန်မကို ခုချိန်ထိ စာရေးခွင့်ရနေအောင် ချစ်ခင်အားပေးနေကြတဲ့ ပရိသတ်ရဲ့ကျေးဇူးကို ကျွန်မ ဘယ်တော့မှ မမေ့လျော့ပါ။ တစ်သက်လုံး စာပဲ ရေးနေခွင့်ရချင်တာမို့ တစ်သက်လုံးအထိ အားပေးနေဖို့ကိုလည်း လှိုက်လှဲစွာ တောင့်တမိပါတယ်။ ကျွန်မ အမြဲတမ်းကြိုးစားလျက်ပါနော် . . .။

ဒီဝတ္ထုတို (၁၀၀) ဟာ ကျွန်မဘဝရဲ့ မှတ်တိုင်ကလေးတစ်ခုမို့ နောင်တစ်ချိန်မှာ ကျွန်မ ပြန်လှည့်ကြည့်မိတဲ့အခါ . . .။

ကျွန်မရဲ့ စာဖတ်ပရိသတ်များ စိတ္တသုခ၊ ကာယသုခဖြင့်
ပြည့်စုံနိုင်ကြပါစေ

မေတ္တာအားဖြင့် . . .

*

## ခြေရာအဆိပ်

(၁)

ကျွန်မ ရင်နာသွားရတာ က ကျွန်မ သူ့ကို အဖြေပေးမိတော့မှ သာယာတဲ့ မနက်ခင်းတစ်ခုမှာ ကျွန်မ တစ်ကြိမ်တစ်ခါမှ တွေးတောထင်မှတ်မထားခဲ့မိတဲ့ ဆိုးရွားတဲ့လုပ်ရပ်တစ်ခုကို သူ လုပ်ကိုင် ခဲ့တာပါပဲ။

*

သူ့ကို ကျွန်မ စတွေ့ခဲ့တာဟာ ကျူရှင်တစ်ခုမှာပါ။ ကျွန်မနဲ့ တန်းတူ လိုက်တက်တာမျိုးမဟုတ်ဘဲ ကျွန်မ ကျူရှင်အတက်အဆင်းကို စောင့်ကြည့်မှတ်သားနေတဲ့ လူတစ်ဦးအဖြစ်ပေါ့။ ဝါကြင့်ကြင့် ရှပ်အိုကလေးတစ်ထည်၊ နွမ်းလျဖျော့ကြင်နေတဲ့ ကချင်ပုဆိုးကွက်တစ်စုံဟာ နေ့ပေါင်းများစွာ ကျွန်မမျက်ဝန်းထဲ တိုးဝင်လာတတ်ခဲ့တယ်။ မတောက်ပပေမဲ့ ရှိတာကလေးနဲ့ ရောင့်ရဲရှင်သန်နေ တတ်တဲ့ သူ့ဆီမှာ မက်မောတွယ်တာစရာဆိုလို့ ချောမောသန့်ပြန့်တဲ့ ရုပ်ရည်ကလေးနဲ့ လိုက်ဖက်တဲ့ ခြေထောက်ဖြူဖြူစင်စင်ကလေး တစ်စုံပါပဲ။ အံ့သြစရာကောင်းတာက အဝတ်အစား နွမ်းဖတ်ဟောင်းမြည့်လွန်းလှတဲ့ သူဟာ ချုပ်ရိုးချုပ်သား မြင်ရုံနဲ့ ကျွန်မ မှတ်မိနိုင်တဲ့ ကျွန်မ စီးနေကျ ယောက်ျားစီး မြဲမာလာကတ္တီပါဖိနပ် အကောင်းစားမျိုးကို စီးထားနိုင်တာပါပဲ။ ကျွန်မ ခြေထောက်က အနည်းငယ်ကြီးတော့ မြဲမာလာ

ယောက်ျားစီးကိုစီးမှ စိတ်ချကျေနပ်တတ်သူပါ။ မိန်းကလေးဖိနပ်လေးတွေ ကျွန်မက မစီးတတ်။ အဲဒါကလည်း ကျွန်မရဲ့ ထူးခြားချက်ပဲ ဖြစ်ပါတယ်။ ဖိနပ်ကိစ္စပြောရတာက ကျွန်မက ခြေထောက်တွေကို စိတ်ဝင်စားတတ်လို့ပါပဲ။ သူ့ကို တွေ့စက သူ့ခြေထောက်ကလေး သန့်ပြန့်ဖြူစင်ပြီး ခြေချောင်းလေးတွေ လှပညက်မွတ်နေတာလေး တစ်ခုတည်းနဲ့ ကျွန်မ နှစ်လိုစွဲလမ်းသွားခဲ့တာ။ ကျွန်မက သူ့ခြေထောက်ကလေးကစပြီး သူ့ကို ခင်တွယ်မြတ်နိုးတတ်လာသူပဲ ဖြစ်ပါတယ်။

ကျွန်မကိုယ်တိုင်ကတော့ ခြေထောက်မလှသူလေ။

*

(၂)

သူနှင့် ကျွန်မ စတင်ပွင့်လင်းစွာ ခင်မင်ခဲ့တဲ့ နေ့ရက်တစ်ရက်တော့ ကျွန်မ ဘယ်တော့မှ မမေ့ဖြစ် တော့မှာ သေချာပါတယ်။ အဲဒီ နေ့က မိုးတွေ သည်းထန်စွာ ရွာသွန်းနေခဲ့တယ်။

ကျွန်မ ကျူရှင်လှေကားပေါ်ကအဆင်းမှာ အနက်ရောင် မပီပြင်တော့ဘဲ အိုမင်းဖျော့တော့ နေတဲ့ ထီးခပ်စုတ်စုတ်ကလေးနဲ့ ကုပ်ကုပ်ကလေး ရပ်စောင့်နေတဲ့ သူ့ကို ရေစိုရွှဲစွာ တွေ့ခဲ့ရတော့ ထုံးစံထက် ပိုအံ့ဩသွားမိတာပါပဲ။ ကျွန်မအထင် ရင်ထဲ့ကြက်ခနဲတောင် တုန်လှုပ်သွားခဲ့တယ် ထင်ပါရဲ့။

ကျွန်မမှာ ထီးပါမနေခဲ့ဘူး။ ကျွန်မက ထီးကိုင်ပျင်းတတ်သူ အမျိုးအစားထဲမှာ ပါဝင်ခဲ့သူပါပဲ။ မိုးအစဲကို ကျွန်မ လှေကားကနေ ရပ်စောင့်ဖို့ပြင်နေဆဲ . . .

"ကားဂိတ်ကို လိုက်ပို့ပေးရမလား ဟင် . . . မှောင်နေမယ်၊ မိုးကို

စောင့်နေရင် ဒါမှမဟုတ် ထီးယူသွားမလား”

တိုးသက်ညင်သာတဲ့ အသံဖျော့ကလေးနဲ့အတူ အပြုံးချိုသာကလေး စွန်းထင်းနေ တဲ့ သူ့နှုတ်ခမ်းကလေးကို ကျွန်မ အဲဒီ အချိန်မှာ သိပ်ကို သဘောကျ နှစ်ခြိုက်ခုံမင်သွားခဲ့မိတယ်။ ပြီးတော့ သူ့ရဲ့ခြေထောက် ဖြူစင်ချောမွတ်ကလေး။

ရေစိုစိနေတဲ့အတွက် သူ့ဖိနပ်အနက်ကလေးက ပျော့အိ ယိုယွင်းနေပြီ။ ပြီးတော့ စီးသက်ရင့်သွားပြီမို့ ကြိုးဖွာစုတ်စုပြုနေပြီ။ အို . . . သူ့ဖိနပ်ကလေးများ မတော်တဆ ပြတ်တောက် သွားမလား။ ကျွန်မ စိုးရိမ်ပူပန်မှုကလေး ကြံဖန်ဝင်နေမိသေးတယ်။

“မိုးဒေဝါ . . . ယူသွားမလား”

ကျွန်မအမည်ကို ချစ်ခင်နှစ်သက်ဟန်တစ်မျိုးလေးနဲ့ သူ တိုးတိုးကပ်ခေါ်တဲ့အခါမှာ တော့ ကျွန်မ စတင်ရင်ခုန်လာမိတယ်။ ကျွန်မ အဲဒီ အချိန်ကလေးမှာ စ,သိသွားခဲ့ရတာ ကတော့ ကျွန်မလည်း သူ့ကို ချစ်ခင်စွဲလမ်းနေခဲ့မိပြီ ဆိုတာပါပဲ။ ကျွန်မရင်ထဲမှာ သူ့ကို စိမ်းရှံ့မနေဘဲ သူနဲ့ အတူ တစ်မိုးတည်းအောက်မှာ ထီးအတူဆောင်း တွဲသွားလိုစိတ်က လျှပ်တစ်ပြက် ဝင်ရောက် နိုးကြွသွားခဲ့ပြီး ဆင်ခြင်စွမ်းမှန်သမျှ ကျွန်မကိုယ်ကနေ တဒင်္ဂလွင့်ကွာ ပယ်ရှားနေခဲ့တယ်။

“လိုက်ပို့ပေးလေ”

လို့ ကျွန်မ ခပ်တိုးတိုးဆိုလိုက်တဲ့အခါ လက်ခနဲ တောက်ပသွားတဲ့ သူ့မျက်နှာ ကလေးပေါ်က မျက်လုံးတစ်စုံဟာ တဖျပ်ဖျပ် ရွှန်းလက်လို့ နေခဲ့တာကိုလည်း ကျွန်မ မမေ့နိုင်ခဲ့ပါ ဘူး။ အဲဒီ နေ့မှာ သူနဲ့ ကျွန်မ စ,ခင်မင်သွားခဲ့တယ်။ မှတ်မှတ်ရရ နောက်တစ်နေ့မှာ သူ ဖိနပ်အသစ် ကျပ်ချွတ်ကလေး ပြန်ဖြစ်နေခဲ့တာကိုလည်း ကျွန်မ သတိထားခဲ့မိတယ်။

*

(၃)

သူ့အမည်ရင်းက ညီငယ်တဲ့။ ဒါပေမဲ့ ကျွန်မနှင့် ကျွန်မသူငယ်ချင်းတွေကြား သူ့ကိုပေးထားတဲ့ အမည်ဝှက်ကလေး ကလင်းန် (Clean) လောက် စွဲမက်နှစ်ခြိုက်ခြင်း မရှိလှပါဘူး။ သူ့ကို 'သန့်ရှင်း စင်ကြယ်သော' လို့ အဓိပ္ပာယ်ရတဲ့ အမည်ကလေး ပေးထားရတာ က ကျွန်မအဖို့ သိပ်ကို ကြည်နူး ရင်ခုန်စေပါတယ်။

တစ်ခါမှာတော့ သူနဲ့ စကားပြောရင်းကနေ သူ့ကို ကလင်းန်လို့ လွှတ်ခနဲ ခေါ်မိသွား တဲ့အခါ သူက တအံ့တသြ ကြောင်အသွားပြီး . . .

"ဘာလဲ . . . ကလင်းန်ဆိုတာ"

လို့ ပြန်မေးတာမို့ ကျွန်မ ဖုံးကွယ်လျှို့ဝှက်ထားဖို့ ဆန္ဒမရှိဘဲ ရိုးသားစွာ ဝန်ခံ ရှင်းပြ ခဲ့ပါတယ်။ သူ နှစ်ခြိုက်စွာ ရယ်မောရင်းကနေ နားရွက်ဖျားကလေးတွေ နီရဲရှက်ရွံ့နေခဲ့ပုံကလေး ကို ကျွန်မ အတိုင်းအဆမဲ့ မြတ်နိုးမက်မောနေခဲ့ဖူးတယ် . . .။ ခြေချောင်းကလေးတွေ သန့်ပြန့် ရှင်းစင်လှတဲ့ သူ့ကို ထာဝစဉ် ဖိနပ်အနက် တင်းရင်းကလေးနဲ့သာ မြင်လိုခဲ့စိတ်နဲ့ ဒီတစ်ခါ သူ့ဖိနပ် ကလေး ဟောင်းသွားတဲ့အခါ ကျွန်မ အမှတ်တရလက်ဆောင် ဖိနပ်အသစ်ကလေး ဝယ်ပေးမယ် လို့ ဆုံးဖြတ်စိတ်ကူးထားလိုက်မိတယ်။

အဲဒီ စိတ်ကူးချလိုက်တဲ့ ကာလနဲ့ ဘာမျှမဝေးကွာလှတဲ့ နေ့တစ်နေ့မှာ သူ ကျွန်မကို ချစ်ရေးဆိုလာခဲ့တယ်။ အဲဒီ အချိန်မှာ သူနဲ့ပတ်သက်တဲ့ သူ့အကြောင်းဆိုတာကို ကျွန်မ ဘာမှမသိရသေးတဲ့ အခြေအနေပါပဲ။ သူ့ပညာအရည်အချင်း၊ အလုပ်အကိုင်၊ အသိုင်းအဝိုင်း၊ နေရပ်လိပ်စာ ဘာတစ်ခုမှ ကျွန်မ သိရှိခွင့်မရသေးဘူး။ သူက ဖွင့်ပြောမပြခဲ့တာမို့လည်း ကျွန်မ စစ်မေး

စပ်စုလိုစိတ် လုံးဝရှိမနေခဲ့ပါဘူး . . .။ ကျွန်မ အကဲခတ်ရသလောက်ကတော့ သူဟာ ဆင်းရဲမယ်။ သို့သော် ရိုးသားရောင့်ရဲတတ်မယ်။ ဖြူစင်အေးချမ်းတယ်။ ကျွန်မကို စိတ်ချမ်းသာမှု ပေးစွမ်းနိုင်မှု ရှိတယ်။ ကျွန်မကို ယုယကြင်နာတယ်။ အလိုလိုက်တယ်။ ချစ်ခင်မြတ်နိုးတတ်သူ တစ်ယောက် ဖြစ်တယ်။

ဒါတွေဟာ ကျွန်မဘက်က အပြစ်အနာအဆာကင်းတဲ့ အမှတ်ပြည့်မဟုတ်တောင် ကျွန်မအဖို့ အောင်မှတ်ပေးထားမိတဲ့ ချစ်သူတစ်ယောက် ဖြစ်လာစေမည့် သူ့အရည်အချင်းတွေ ပါပဲ။

*

(၄)

ကျွန်မ သူ့ကို အဖြေပေးဖို့တော့ အချိန်ဆွဲထားလိုက်သေးတယ်။ ဒါကိုတော့ သူ့ဘက်က မှတ်ချက် ရယ် ဆန္ဒရယ်နဲ့ ဘာမှ ကျွန်မကို စောဒကမတက်ခဲ့ဘဲ ကျွန်မပြောတဲ့အချိန်ကိုပဲ လိမ္မာပါးနပ်စွာ သူ စောင့်ဆိုင်းမည့်ပုံပါပဲ။ ဒါပေမဲ့ သေချာတာတစ်ခုက ကျွန်မနဲ့ပတ်သက်တဲ့ စိတ်ချယုံကြည်မှုမျိုး သူ့ထံမှာ အပြည့်အဝ ရှိနေမှာပါပဲ။ ဒါကလည်း သူ စိတ်ချမှုရစေလောက်တဲ့ အပြုအမူ အရိပ်အယောင်တချို့ကို ကျွန်မဆီက သူ ရခဲ့ပြီးဖြစ်ခဲ့တာပဲ။ ဥပမာ . . . သူ စကားတစ်ခွန်း ပြောခါနီး မျက်လုံးကလေး မှိတ်၊ နှုတ်ခမ်းကလေးစုပြီး ခေါင်းကလေး ဆတ်ခနဲ ညိတ်လိုက်တဲ့ ထုံးစံကလေးကို ကျွန်မ မိနစ်နဲ့ယှဉ်ပြီး မက်မက်မောမော ငေးကြည့်ခဲ့ဖူးတာကို သူ သတိမထားမိ ဘဲ နေမှာမဟုတ်။

ကျွန်မ ဝတ်လာတဲ့ ဂျင်းဂျက်ကတ်ကို ကျွန်မ အိုက်တဲ့အခါဖြစ်စေ၊ မဝတ်လိုတဲ့ အခါမှာဖြစ်စေ သူ့ကို ပေးဝတ်ထားလေ့ရှိတဲ့ ရင်းနှီးမှုနိမိတ်ပြ

သံယောဇဉ်တွေကို သူ မရိပ်မိဘဲ နေမည်မဟုတ်။ သွားစရာနေရာတစ်ခုရှိရင် သူ့ကိုပဲ အဖော်လုပ် ခေါ်ဆောင်သွားလေ့ရှိတဲ့ ကျွန်မရဲ့ အားကိုးတွယ်တာမှုတွေကို သူ နားမလည်ဘဲ နေမည်မဟုတ်။

အစစအရာရာမှာပါပဲလေ။ ကျွန်မ ဘယ်လောက်ပဲ ဒေါသထွက် စိတ်အနှောင့် အယှက်ဖြစ်နေပါစေ၊ သူ့ကိုမြင်လိုက်လျှင် မြင်လိုက်ချင်း ရုတ်ခြည်း ပြုံးမိမလို စိတ်ပြေ ရှင်းလင်း သွားတတ်တာကို ကျွန်မကိုယ်တိုင် သူ့ကိုပြောပြခဲ့ဖူးတာမို့ သူ တအံ့တဩ မနေတတ် မထိုင်တတ် ပုံစံကလေးနှင့်ပင် ကျွန်မကို ထွင်းဖောက် ရှင်းလင်းသွားခဲ့သလို နားလည်သွားခဲ့ဖူးတာ ကျွန်မ ကိုယ်တိုင် အသိ။

သူ့ကို ကောင်မလေးတချို့ နှစ်ခါပြန်လောက် ပြန်လှည့်ကြည့်သွား၊ ပြုံးသွား လုပ်သွားကြလျှင် သဝန်တို ငြူစူမှု သိသာစွာပြတတ်ကာ သူ့ကိုလည်း ရန်လုပ်ခဲ့ဖူးတာတွေကို သူက ချစ်မြတ်တနိုး ရယ်မောငြိမ်ခံလျက် ကြည်နူးနေတတ်တာ . . .။

ပါးချိုင့်ရှည်ကလေး ပိုင်ဆိုင်သော သူ့ကို (ကျွန်မ မရှိလျှင် ပါးချိုင့်ပေါ်အောင် မရယ် ရဟု အနိုင်ယူ အမိန့်ထုတ်ကာ ဖွတ်တင်းကျပ်ခဲ့စဉ်က) ကျွန်မကို နားမလည်သလို အံ့အားသင့် ကြောင်ငေးမှု တဒင်္ဂဖြစ်ပေါ်သွားခဲ့ပေမဲ့ သူ ရအောင် လိုက်နာခဲ့ပါတယ်။ ပါးနှစ်ဖက်ကို ဖောင်းအောင်လုပ်ပြီးမှ ရယ်ပြဖို့ ကြိုးစားနေခဲ့သော သူ့ကို ကျွန်မ နှုတ်ထွက် ပွင့်ဖိတ်အန်ကျတော့ မတတ် ချစ်မြတ်နိုးသွားခဲ့ဖူးတယ်။

ဘာပဲဖြစ်ဖြစ်လေ . . . သူနှင့် ကျွန်မကြားမှာ ကျွန်မ အဖြေ မပေးသေးတာကလွဲလို့ တကယ့်ချစ်သူတွေပမာ ရင်းနှီးပွင့်လင်းခဲ့ကြပြီး ဖြစ်တယ်။ သူ့ဘက်က သေချာပိုင်နိုင်မှုထားနေ သလို ကျွန်မဘက်ကလည်း ချစ်သူတွေဖြစ်သွားလျှင် 'မောင်' လို့ ခေါ်မည်လို့တောင် သတ်မှတ် စိတ်ကူးထားခဲ့ပြီးပြီ။

ပြီးတော့ . . . အဖြေပေးတဲ့နေ့မှာ ဟောင်းနွမ်းစပြုနေပြီဖြစ်တဲ့ မောင့်ဖိနပ်အတွက် ကျွန်မနှင့်ဆင်တူ မြမာလာ ဖိနပ်အသစ်ကလေးရယ်၊ ဖြူဖွေးစင်ကြယ်တဲ့ ကြွေရောင်ရှပ်ဖြူလှလှ ကလေးတစ်ထည်ရယ်၊ ယောပုဆိုးကလေးတစ်ထည်ရယ် ဝယ်ပေးဖို့လည်း ကျွန်မ စီစဉ်ထားခဲ့ တယ်။ အဲဒီအထိ ကျွန်မ အသေးစိတ်ကျကျ ချစ်မြတ်နိုးခဲ့သူပါ ကလင်းနိရယ်။

*

(၅)

တကယ်တမ်း သူ ကျွန်မကို သစ္စာဖောက်သွားခဲ့တာလည်း မဟုတ်။ မချစ်ဘဲ ဟန်ဆောင်လိမ်ညာခဲ့ တာလည်း မဟုတ်။ သူ လုပ်ခဲ့သော လုပ်ရပ်ပြစ်ချက်သည် ကျွန်မကို ချစ်ခြင်းနှင့် ဘာမှဆိုင်မနေခဲ့ ပါ။ သို့သော် ကျွန်မနှင့် ဘာမှမဆိုင်ဘူးထင်ရသော သူ့လုပ်ရပ်ဆိုးကြီးက တကယ်တမ်းမှာ ကျွန်မနှင့် လုံးဝပတ်သက်နေခဲ့ပြီး ကျွန်မ နှလုံးသားတစ်စုံလုံးကို လှုပ်ခါယမ်းပစ်၊ ခြွေချပစ်ခဲ့တာ အမှန်ပါပဲ။ ရင်ဘတ်တစ်ပြင်လုံး အောင့်ကျိန်း ကျဉ်တက်သွားရလောက်အောင် မယုံကြည်နိုင်မှုများ နှင့် ခါးသီးစက်ဆုပ်မှုများကို ကျွန်မ ကြုံတွေ့ခဲ့ရတယ်။

အဲဒီ နေ့က ကျွန်မ သူ့ကို အဖြေပေးလိုက်တော့မယ့် နေ့ . . .။ မေမေနှင့် အလှူအိမ်ကို လိုက်သွားခြင်းက မှန်တာလား မှားတာလား။ ကျောင်းကို စောစီးစွာ ကြိုသွားလိုက်ခဲ့ ရင် နာကြည်းခြင်းဆိုတာထက် စက်ဆုပ်အထင်သေးသွားခဲ့ခြင်းက သူ့ကို ချစ်ခြင်းများနှင့် ကျွန်မ အကြားတွင် ဘယ်လိုဆက်စပ်ပေးလို့ မရတော့။ ကျွန်မ ရင်နှင့်အမျှ ခါးသက် တုန်လှုပ်ခဲ့တာတော့ အဖတ်ဆယ်၍ ပင် မရတော့ချေ။

မနက်စောစော ထ,ကာ ဆယ်နာရီ ကျူရှင်မှာ စောင့်ခိုင်းထားတဲ့

သူ့အတွက် ကျွန်မ ဝယ်ထားသော လက်ဆောင်ပစ္စည်းများကို စိတ်လက်ချမ်းသာ ကြည်နူးစွာ ထုပ်ပိုးနေခဲ့သောအချိန် သည် သူနှင့်ပတ်သက်၍ နောက်ဆုံးသော သာယာမှုပဲ ကျွန်မအတွက် ဖြစ်ခဲ့တယ်။

“ချစ်တယ် ကလင်းန်ရယ် . . . ”

လို့ အညင်သာဆုံး လေသံကလေးနဲ့ဆိုလိုက်ပြီး ပါးချိုင့်ကလေးများပေါ်အောင် ပြုံးလိုက်မယ်၊ တစ်စုံတစ်ရာ စကားစဖို့အတွက် သူ့မှုပိုင်ကလေးအတိုင်း နှုတ်ခမ်းလေး စေ့စု၊ မျက်လုံးလေးမှိတ်၊ ခေါင်းကလေးအဆတ်ကို စောင့်ဆိုင်းကြည့်ငေးပြီးမှ လက်ဆောင်ကလေးကို ပေးလိုက်မှာ။

ပြီးရင် သူ့ခြေထောက် ဖွေးသန့်လှပကလေးမှာ ရှိနေတဲ့ ဟောင်းမြည့်စုတ်ဖွာ စပြုနေတဲ့ ဖိနပ်ကလေးကို အသစ်ကလေးနှင့် လဲစီးခိုင်းလိုက်ပြီး လိုက်နာ,နာခံစွာ သူ လုပ်နေသမျှ ကို ကျွန်မ ချစ်မြတ်နိုးမှု တနင့်တပိုးနှင့် ငေးကြည့်နေရမှာ . . .။

ဒါတွေဟာလည်း သူနှင့်ပတ်သက်၍ နောက်ဆုံးသော ကျွန်မရဲ့ စိတ်ကူး လှပ ကလေးတွေပဲ ဖြစ်ခဲ့ပါတယ်။

*

(၆)

ငြင်းမရတဲ့အဆုံးမှာ အချိန်တွေလည်း အများကြီး လိုသေးတာမို့ မေမေ အတင်းအဖော်ခေါ်တဲ့ ရပ်ကွက်တစ်ခုထဲမှ မေမေ့သူငယ်ချင်းတစ်ယောက်ရဲ့ အိမ်တက်အလှူသို့ ကျွန်မ လိုက်ခဲ့ရတယ်။ အလှူကနေအပြန် ကျူရှင်ကို

တစ်ဆက်တည်းသွားမှာမို့ သူ့အတွက် အထုပ်အပိုးတွေ တစ်ပြုံ တစ်မနဲ့ . . . ကျွန်မ အလှူအိမ်ရောက်ခဲ့ရတယ်။

အလှူအိမ်မှာ ဖိနပ်ဂရုစိုက်ရလေ့ရှိတာမို့ ကျွန်မ သေချာအမှတ်အသားလုပ်ကာ ချွတ်ပြီးမှ အိမ်ပေါ်တက်ခဲ့တယ်။

လူချမ်းသာရပ်ကွက် မဟုတ်တာမို့ လူဗြောက်သောက်လည်း အတည်တကျမရှိစွာ ဝင်စားသောက်သွားကြတာပါပဲ။

ကျွန်မ စားသောက်ပြီးလုလု အချိန်မှာမှ ဖိနပ်ချွတ်နေရာမှာ သူ့ကို မထင်မှတ်စွာ တွေ့လိုက်ရတာ မို့ လှမ်းခေါ်မိမတတ် ကျွန်မ အံ့ဩပျော်ရွှင်သွားခဲ့တယ်။

ဩော် . . . သူ ဒီရပ်ကွက်ထဲက ထင်ပါရဲ့။ ပုံစံကတော့ စားသောက်ပြီး ပြန်ဆင်း တော့မယ့် ပုံမျိုး။

အံ့ဩစရာကောင်းတာက ဘယ်သူ့ကိုမှလည်း သူ ပြန်မယ့်အကြောင်း လိုက်နှုတ်ဆက်မနေ၊ ကျွန်မကိုလည်း မြင်ပုံမရ။ ကျွန်မ ထိုင်နေတာကလည်း တံခါးကွယ် တစ်နေရာဆိုတော့ သူ့ဘက်က ဘယ်လိုမှမတွေ့နိုင်။

ကျွန်မကသာ သူ့ကို ရှင်းလင်းစွာ မြင်နေရတာ ။

ကျွန်မရှေ့မှာ ထာဝစဉ် ရိုးသားအေးဆေးလှတဲ့ သူ။ ဒီတစ်ခါမှာတော့ သိပ်ကို လှုပ်ရှား၊ တည်ငြိမ်မှု ကင်းနေခဲ့ပါတယ်။

မျက်လုံးတွေက ကျီးကန်းတောင်းမှောက်။

တစ်မျိုးပဲ ထူးခြားနေတယ်။

အပြစ် တစ်စုံတစ်ရာလုပ်တော့မယ့် ကလေးငယ်တစ်ယောက်လို ခိုးကြောင်ခိုးဝှက် ပုံစံ။

ကျွန်မ ထ,သွားဖို့အလုပ်မှာ လျှင်မြန်ဖျတ်လတ်လှတဲ့

သူ့လုပ်ရပ်တစ်ခုက လူသူ မရိပ်မိနိုင်လောက်အောင် မြန်ဆန်ပြီးမြောက်သွားခဲ့ပေမဲ့ ကျွန်မကတော့ တအံ့တသြရှိသွားရတယ်။

သူ မှားယွင်းတာများလားလို့ တစ်ခဏ ငြေတွေးလိုက်သေးပေမဲ့ လှစ်ခနဲနေအောင် လှည့်ထွက်သွားတဲ့ ပေ့ါပါးသွက်လက်သလောက် တုံ့ဆိုင်းမရှိ့ရဲမှုတစ်ရပ် ခိုဝင်နေသောပုံစံကို ကျွန်မ မြင်တွေ့သေချာသွားရတယ်။ သူဟာ ကျွန်မ ထင်မှတ်မထားတဲ့ လုပ်ရပ်ဆိုးရွားတစ်ခုကို ကျွန်မကွယ်ရာမှာ လုပ်ခဲ့တာပေမဲ့ ကျွန်မ သိမြင်နေခဲ့သလို၊ သူ စော်ကားလိုက်ခဲ့တဲ့ ကာယကံရှင်ဟာလည်း . . . ကျွန်မပဲ ဖြစ်နေခဲ့တာ ဆိုးဝါးညံ့ဖျင်းလှတဲ့ ကံမကောင်းသော တိုက်ဆိုင်လွန်းမှု တစ်ခုပါပဲ။

*

(၇)

မတော်တဆ မှားယွင်းရသည် ဆိုရအောင်လည်း လုံးဝ ကွာခြားသိသာစေလှသော အခြေအနေပဲ။ ကျွန်မ အမှတ်အသား လုပ်ထားခဲ့တဲ့နေရာမှာ ကျွန်မရဲ့ အသစ်ကျပ်ချွတ် မြမာလာဖိနပ်ကလေး ပျောက်ဆုံးနေပြီး အစားထိုးချန်ခဲတဲ့ ဟောင်းနွမ်းအိုမင်းကာ အနားစုတ်ဖွာ ပြတ်တောက်လု ရှိနေတဲ့ . . . ချုပ်ရိုးချုပ်သားမြင်ရုံနဲ့ ကျွန်မ မှတ်မိနိုင်တဲ့ မြမာလာဖိနပ်ဟောင်းတစ်ခု ဆိုတာရယ်၊ ပိုသေချာတာက သူ့ရဲ့ဖိနပ်ဆိုတာရယ်။ မှားယွင်းသွားတယ် ထားဦးတော့။ ကျွန်မ ဖိနပ်နေရာမှာ ကွက်လပ်သာ ရှိရမှာပေ့ါ။ ဘာကြောင့် ဒီအဟောင်းအစုတ်ကို အစားလာထိုးခဲ့တာလဲ။

ကျွန် မှတ်မိနေနိုင်တာကလည်း ကျွန်မ ဖိနပ်နေရာကို အသေအချာ အမှတ်အသား လုပ်ထားခဲ့လို့ပဲ ဖြစ်တယ်။

'ကလင်းန်' လို့ ကျွန်မ မြတ်နိုးလေးနက်စွာ အမည်ပေးခဲ့မိတဲ့ လူငယ်တစ်ယောက် ဟာ သူ့ရဲ့သန့်စင်လှတဲ့ ခြေချောင်းလေးတွေနဲ့ လိုက်ဖက်အောင် ဆင်မြန်းသည့် ဖိနပ်တစ်ရန်ကို ဒီလိုနည်းများဖြင့် ရှာဖွေစီးယူခဲ့သည်တဲ့လား။ အလွယ်တကူနှင့် ကျွန်မ အဲဒီ အဖြစ်အပျက်ကို လက်ခံယုံကြည်လို့ မရခဲ့သေး။

ကျွန်မ မျက်စိအောက်မှာ ဖြစ်သွားခဲ့တာ သေချာမှုရှိသည့် အမှုတစ်ခုသာ မဟုတ် ခဲ့ဘူးဆိုလျှင် ကျွန်မ အပြင်းအထန် ငြင်းဆန်မိမှာ ဖြစ်တယ်။

ကျွန်မ ရင်ထဲကို စင်ကြယ်သန့်စင်သော ပျော်ရွှင်ခြင်းတွေ သယ်ဆောင်ထည့်သွင်း ပေးခဲ့သူ လူငယ်ကလေးတစ်ဦးဟာ ညစ်နွမ်းကျည်းတန်တဲ့ လုပ်ရပ်တစ်ခုနဲ့အတူ စက်ဆုပ်နာကျင် ခြင်းတွေပါ မထင်မှတ်ဘဲ ပေးသွားခဲပပါတယ်။

ကျွန်မ သူ့ကိုမုန်းသွားတာမျိုး မဟုတ်ဘူး။

အံ့ဩဆို့ကျဉ်ကာ နာမျက်သွားတာမျိုးပဲ ဖြစ်တယ်။ အဲဒီ ခံစားချက်က မုန်းသွားတာ ထက် ပိုဆိုးရွားလှတာပါပဲ။

သူ့မျက်နှာကို မကြည့်ရဲ မမြင်လိုတော့တဲ့အထိ စိတ်ထဲ ကုန်ခန်းပျက်စီးသွားခဲ့တာပဲ ဖြစ်တယ်။

သူ့မျက်နှာကို မြင်လိုက်ရင် ကျွန်မ ခါးသီးရင့်မာတဲ့ စကားလုံးတွေနဲ့ ထိုးနှက်စွပ်စွဲ လိုက်မိမှာ စိုးတယ်။

သူ သိပ်ရှက်ကြောက် ကြေကွဲသွားမှာကိုတော့ ကျွန်မ မလိုလားတာ အမှန်ပါပဲ။

ဒီတော့ ကျွန်မတစ်ဦးတည်း မျှဝေသူမဲ့စွာ အုံခဲဖွဲ့သိပ်လာတဲ့ နာကျင် ဆို့ပိတ်ခြင်း တွေကို တနင့်တပိုး ခံစားခဲ့ရတော့တယ်။

ကလင်းန်ရယ် . . .။ ရှင့်ရုပ်ကလေးနဲ့ ဒီအလုပ်အကိုင်မျိုးကို

လုပ်ရက်ခဲ့လိုက်တာ။ ကျွန်မှာ အံ့ဩနာကျင်လို့ မဆုံးတော့ဘူး။

ကျွန်မ မြတ်နိုးစွဲမက်လှတဲ့ ရှင့်ရဲ့ ခြေထောက်လှပကလေးတစ်စုံမှာ ဆင်မြန်းဖို့ အတွက် အကောင်းစားဖိနပ်တစ်ရန် ရှာနည်းဟာ ဒီနည်းတွေနဲ့တဲ့လား။

ရှင် စီးသမျှ ဖိနပ်အသစ်ကလေးတွေဟာ ဒီလို မသမာ မစင်ကြယ်တဲ့နည်းလမ်းနဲ့ ရယူခဲ့တာတဲ့လား။

ကျွန်မ တမ်းမက်ခုံမင်လှစွာ ပေးထားခဲ့တဲ့ ကလင်းန်ဆိုတဲ့ နာမည်ကလေး ရှင့်ထံကနေ ပြန်ရုပ်သိမ်းလိုက်မှာရယ်၊ ရှင့်ကိုပေးဖို့ လက်ဆောင်ဖိနပ်အသစ်ကလေးကို ရှင့်အတွက် မပေးနိုင်တော့ဘူး ဆိုတာရယ်၊ နောက်ဆုံးတော့ ရှင် ကျွန်မကို ဘယ်တော့မှ လာမပတ်သက်ပါနဲ့တော့ ဆိုတာရယ်ကို အတတ်နိုင်ဆုံး နာကျင်စက်ဆုပ်မှုတွေဖယ်ပြီး ရှင့်ကို အသက်သာစေဆုံး စကားတွေနဲ့ ကျွန်မ ဖေးမညင်သာစွာ ငြင်းပစ်လိုက်နိုင်ဖို့ ကြိုးစားရပါဦးမယ်။

အပိုင်တွက်ထားမယ့် ရှင် . . . ဆို့ကျဉ် နာကျင်ဟန်နဲ့ ကျွန်မကို ငေးမောလိုက်မယ့် မျက်လုံးနက်တွေကို ကျွန်မ စိုက်ကြည့်ဖို့ မကြိုးစားတော့ဘဲ . . .

“လောကမှာ ယောကျ်ားတစ်ယောက်အတွက် အလုပ်မရှားနိုင်ပါဘူး ညီငယ်ရယ် . . .”

လို့ ရှင့်ကို အသက်ညှာဆုံး စကားတစ်ခွန်း ဆိုလိုက်မယ်။ နားမလည်ခြင်းများစွာနဲ့ ရင်ကွဲနင့်နဲ့သွားမယ့် ရှင့်ကို ကျောခိုင်းလိုက်ပြီးတဲ့နောက်မှာတော့ ကျွန်မ မျက်လုံးအိမ်ထဲက မျက်ရည်တချို့ လွတ်လပ်နာကျင်စွာ ခုန်ပေါက်စီးဆင်းလာပါစေတော့ . . .။

ကျွန်မ သုတ်သင်ပစ်လိုက်ဖို့ကတော့ အတော်ကြီး အားယူရဦးမှာပေ့ါလေ . . .။

*

# စိတ်တစ္ဆေ

ပြင်းထန်စူးရှသော မိုးချုန်းသံများနှင့်အတူ သူမ၏ တစ်ကိုယ်လုံး လွင့်စဉ် ပြိုကွဲသွားတော့မတတ် တိုက်စားသယ်ငင်ပစ်လိုက်သည့် လေကြမ်းမုန်တိုင်းများ၊ အသားများကို ခွဲရှနာကျင်စေသည့် မိုးသီး မိုးပေါက်ကြမ်းများနှင့်အတူ ရုတ်ခြည်း မှောင်မိုက်ပိန်းပိတ်သွားသော ပတ်ဝန်းကျင်တွင် သူမ တစ်ဦးတည်းနှင့် ချောက်ချားကျောစိမ့်စေသော ခြေသံတဖျပ်ဖျပ်ကိုသာ ကြားနေရ၏ ။ ပထမတော့ အဆမတန် ပင့်တိုက်ဆူညံနေသော လေဒဏ်မိုးဒဏ်များတွင် အာရုံစိုက်နေမိသောကြောင့် ပတ်ဝန်းကျင်ကို ဂရုမပြုမိခဲ့ပါ။ ပြီးတော့ သူမက အလွယ်တကူ ကြောက်ရွံ့တုန်လှုပ်တတ်သူ မဟုတ်ပါ။ ဟောက်စ်ဆာဂျင်ဘဝတုန်းက သေလုမြောပါး လူနာများနှင့် သေပြီးခါစ ကြောက်မက်ဖွယ် ရုပ်ပျက်ဆင်းပျက် လူနာများနှင့် ညပေါင်းများစွာ နပန်းလုံးရင်ဆိုင်ခဲ့စဉ်ကပင် သူမ သွေးမပျက်ခဲ့ဖူးပါ။ သွေးသံရဲရဲနှင့် အော်ဂလီဆန်ဖွယ်ကောင်းသော ညှီစို့ပုပ်အဲ့ဒဏ်ရာများနှင့် ကြောက်မက်သွေးလန့်ဖွယ် အော်ဟစ် ညည်းညူသံများကိုလည်း သူမ အပြုံးမပျက် ရင်ဆိုင်ကုသ ခဲ့ဖူးသည်။

ဤမျှ သတ္တိကောင်းသော သူမသည် စည်းချက်မမှန် တည်ငြိမ်မှုကင်းသည့်ခြေသံ ခပ်အက်အက်တစ်ခုကို ကျောမလုံ ချောက်ချားနေမိခြင်းသည် အနည်းငယ် ရင်မောဖွယ်ကောင်းနေ သော်လည်း ခုအချိန်မှာ သူမ ရယ်ဖို့ သတိမရနိုင်ပါ။ သူမ၏ ထီးနက်ကလေးကို နောက်ကျောဘက် တစ်ခုလုံးကို ကွယ်ကာထားလိုက်သောကြောင့် ပြင်းရှသည့်

မိုးဒဏ်မှ အကာအကွယ်မရှိ၊ သူမ စိုးရိမ်နေသည်မှာ ပင့်ဝိုက်ငှေ့ယူနေသည့် လေဒဏ်ဖြင့် ထီးအမိုးပျက်စီးသွားမှာကိုပဲ ဖြစ်သည်။ သူမအတွက် အကာအကွယ် လုံးဝကင်းမဲ့ယဲ့ယွင်းသွားတော့မည် . . .။ ဒါဆို နောက်လူအတွက် အသာစီးရသွားနိုင်တော့မည်။

အို . . . သေတော့မှာပဲ။ ထီးရွက်ပါးတစ်ခုဟာ သူမအတွက် လုံခြုံမှုပေးနိုင်ပ့ါ မလား။ ပြီးတော့ ရန်သူတစ်ယောက်အတွက်ကော အဟန့်အတား အပိတ်အဆို့တစ်ခု ဖြစ်နိုင်ပ့ါ မလား။ အချိန်မရွေး ထိုသူသည် သူမကို အလွယ်တကူ ရန်ပြုနိုင်သည်။ ဘယ်လောက်တုံးလိုက် သည့် အတွေးပါလဲ။ သူမ စိတ်ဓာတ်တွေ ဘယ်လောက် ယိုင်နဲ့ယိုယွင်းနေပြီလဲ။ သူမ၏ စိတ်ဓာတ် များကို ဖွဲ့ခြွေ ခိုးယူသွားသောအရာသည် ထိုခြေသံတစ်ခုပဲ ဖြစ်သည်။

ပိုမိုသည်းထန်လာသော မိုးပြင်းနှင့် လွှမ်းခြုံအုပ်စိုးလာသော အမှောင်ထုသည် ရန်သူအတွက် အခွင့်ကောင်းဖြစ်ပြီး သူမအတွက်တော့ မျှော်လင့်ချက်များ ဆိတ်သုဉ်းပြိုကွဲ ချောက်ချား တုန်လှုပ်လာစေသည်။ ဘယ်အချိန်မှာများ ထိုနောက်ကလူ သူမကို လှမ်းဆွဲရန်မူလိုက် မည်လဲ . . . ဟု သတိမလွှင့်စေဘဲ စောင့်စားနေရင်း တကယ်တမ်း အရေးကြုံလာလျှင် တုံ့ပြန်ခုခံဖို့ ကြံစည်တွေးတောနေရသေးသည်။ သူမ၏ ဆေးအိတ်ထဲမှာတော့ ဆေးတချို့နှင့် နားကြပ်တစ်ခု၊ ဖိအားတိုင်း ကိရိယာတစ်ခုပဲ ပါသည်။ သူ့ထံမှာတော့ လက်နက်တစ်စုံတစ်ရာ ပါလာနိုင်သည်။ ဘုရားရေ . . . သူမ ရှုံးနိမ့်ကျဆင်းဖို့က ရာနှုန်းပြည့် သေချာနေသည်။

သူမ ခြေလှမ်းကို မြှင့်တင် အားဖြည့်လိုက်သည်။ သူမ တစ်ဦးတည်းနေသော အိမ်ကလေးဆီ ရောက်ဖို့ အတော်လေး လိုနေသေး၏ ။ ဒီအတောအတွင်းမှာ တစ်စုံတစ်ခု ရန်းရင်း ဆန်ခတ်တွေ ဖြစ်လာနိုင်မည်လား။ သူမအနောက်မှ ခြေသံသည်လည်း ပိုမိုအားကောင်း လျင်မြန် လာသည်မို့ သူမ စူးစူးရှားရှား အော်ဟစ်မိတော့မတတ် ကြောက်လန့်လာသည်။ သို့သော်

အသံလှိုင်းတို့သည် သူမ လည်ချောင်းအတွင်းမှာ တိမ်မြုပ်တွယ်ကပ်နေလေ၏ ။ ပတ်ဝန်းကျင် တိတ်ဆိတ်ကြီးစိုးခြင်းက သူမ၏ စိတ်ဓာတ်များကို ချိုးဖျက် ဖွဲ့ခြွေနေသလိုပါပဲ။

သူမအတွက် ကံကောင်းခြင်းမှာ လမ်းတစ်လျှောက် ပတ်ဝန်းကျင်တွင် အကူအညီ တစ်စုံတစ်ရာ မရနိုင်တော့ခြင်းပင်ဖြစ်သည်။ လူသွားသက်ရှိဆိုလို့ ဤလမ်း မှောင်မှောင်ကလေး တွင် သူမတစ်ဦးတည်းနှင့် နောက်ဘက်မှ ခြေသံပိုင်ရှင် လူတစ်ဦးသာ ရှိသည်။

ခြေသံသည် ပိုမိုလျှင်မြန်လာသည်နှင့်အမျှ ယိုင်နဲ့ပျက်ယွင်းလာသည် . . . ။ ခက်ခဲ ပင်ပန်းစွာ လမ်းလျှောက်နေရသူတစ်ယောက်၏ ခြေသံမျိုး။ သို့သော် အားတင်းစုစည်းထားဟန် လည်း ရှိသည်။ သူမကို ရန်ပြုဖို့ အားယူဖွဲ့စည်းနေသလိုပဲ။ သို့သော် သူသည် အရက်ပြင်းများ အများအပြား သောက်သုံးထားသည်မှာ သေချာသည်။ ယစ်မူး စူရဲရနံ့များသည် မိုးစက်များမှ တစ်ဆင့် သူမထံ သယ်ဆောင်ရိုက်ခတ်နေ၏ ။ မိစ္ဆာ၏ ဝိုင်ရနံ့သည် သူမကို မူးရီပြုစားနေသည်။ ပြီးတော့ သူမထံမှ စွမ်းအားများကို ခြွေသဲ့ယူနေလေသည်။ သူမခေါင်းထဲ ရီဝေမူးနောက်လာ၏ ။ သို့သော် ခြေလှမ်းများကို ပိုမိုသွက်သွက် တင်ပစ်လိုက်သည်။ သူမ အိမ်ကိုရောက်သွားလျှင် အနည်းငယ် ကျိုးပဲ့နေသော သစ်သားတံခါးသည် သူမအတွက် အတိုင်းအတာတစ်ခုအထိ လုံခြုံမှု တော့ပေးနိုင်မည်ထင်သည်။ ဒီလူဟာ အိမ်ထဲအထိပါ ထိုးဖောက်ဝင်ရောက်လာဦးမည်လား။ ဟင့်အင်း . . . တစ်ဘက်ခန်းကို သူမ အော်ဟစ်အကူအညီတောင်းရမည်။ တံခါးကို ချိုးဖျက် ထုရိုက်ပြီး ဝင်လာမည်ဆိုလျှင်တော့ . . . သူမသည် ဓားမြှောင်တစ်ချောင်းကိုင်ပြီး စောင့်နေရမည်။ ပြီးတော့ သူ၏ ဝမ်းဗိုက်အတွင်းသို့ တစ်ဆုံးထိုးသွင်း စီရင်ပစ်လိုက်မည်။ အခုလောလောဆယ် သူသည် သူမကို ရန်မူဖို့ မကြိုးစားနိုင်သေးသည်မှာ သူမ ကံကောင်းနေသေး၍ ဖြစ်သည်။

သူမအတွက် ဆက်လက်ကံကောင်းနေခြင်းလား၊ ကံဆိုးမိုးမှောင် ကျရောက်ခါနီး ဖြစ်လာခြင်းလား မဝေခွဲတတ်စွာပင် သူမ၏ လူခြေတိတ်ဆိတ်သော အိမ်ကလေးဆီသို့ ရောက်ရှိ လာခဲ့သည်။ နောက်ကခြေသံသည် ပိုမိုလေးလံနှေးကွေးကာ တစ်လှမ်းချင်း ခပ်ကျဲကျဲလှမ်းနေ ရသလိုမျိုး။

ရပ်ကွက်ကလေးထဲမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် တိတ်ဆိတ် မှောင်မိုက်လျက် သည်းထန်စူးရှသောဒဏ်၏ အောက်တွင် အေးလူငြိမ်သက်စွာ အိပ်စက်နေကြပြီ ထင်၏ ။ လမ်းမီးရောင် မှိန်ဖျော့ကလေးသည် ပျက်စီးလောင်ကျွမ်းသွားဖို့ အားယူနေသလို တဖျပ်ဖျပ် ခတ်နေသည်။

သူမသည် မှောင်မည်းအေးစက်နေသော သူမ၏ အိမ်တံစက်မြိတ်သို့ ရောက်လာခဲ့ တော့သည်။ ဟိုဘက်ခန်းကို လှမ်းကြည့်မိစဉ်မှာ သူမ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားခဲ့ သည်။ အိမ်တံခါးများ အလုံပိတ်လျက် မီးရောင်မျှပင် မမြင်နိုင်တော့လောက်အောင် မှောင်မိုက် တိတ်ဆိတ်နေပြီ။ စောစီးစွာ အိပ်ရာဝင်တတ်ကြသည့် အဘိုးကြီး အဘွားကြီးတွေပဲ။

သူမ တံခါးကိုသော့ဖွင့်နေစဉ် တဗြီးဗြီး ဆူညံပြင်းထန်နေသော မိုးသံ လေသံများမှ အပ နောက်ကခြေသံသည် တိတ်ဆိတ်စွာ ငြိမ်သက်နေသည်။ စောင့်ကြည့်ကာ အခွင့်အရေးကို ချောင်းမြောင်းနေခြင်းလား။ ဒီလောက် ရဲတင်းထုံပေသော လူတစ်ယောက်ဟာ ဘာအကြောင်းနှင့် သူမ၏ အိမ်တံစက်မြိတ်အထိ ကပ်ပါလိုက်လာခဲ့ပါသနည်း။ သူ ဘာကိုလိုချင်တာပါလိမ့်။ ပစ္စည်း လိုချင်ရုံလောက်နှင့် ဆိုလျှင်တော့ လမ်းမှာတင် ကိစ္စပြတ်ခဲ့မှာပဲ။ လုယူထွက်ပြေးသွားနိုင်လောက် အောင် အခြေအနေကောင်းတွေ ရရှိနေခဲ့တာပဲ။

လူတစ်ယောက် ဝင်သာလောက်အောင်သာ တံခါးကို အလွန်တရာ မြန်ဆန်စွာ ဖွင့်လိုက်ပြီးနောက် သူမ တွန်းတိုက်တိုးဝင်လိုက်ခဲ့သည်။ ပြီးနောက် တံခါးချက်ကို အလျင်အမြန် ချလိုက်၏ ။ ထိုအခါကျမှ သူမကိုယ်မှ အကြောအစိုင်များ ပြေလျော့ပြတ်ကျကုန်ပြီး . . . သူမ ကြမ်းပြင်ပေါ်

ဒူးထောက်ကျဆင်းလာခဲ့တော့သည်။ အပြင်ကို အာရုံစိုက်နားစွင့်ရင်း သူမ ရင်တဒိတ်ဒိတ် ခုန်နေလေသည်။ ဘယ်အချိန်များ ထိုသူသည် တံခါးကို ဝုန်းခနဲ ဖြိုခွဲဝင်ရောက်လာ မည်လဲ။ ဒါမှမဟုတ် သူ့တွင်ပါလာနိုင်သည့် ဓားချွန်မြမြဖြင့် ထိုးဖြတ်ပျက်စီးစေရမည်လား။

အမှောင်ထဲတွင် သူမ၏ အသက်မှျဉ်းမှျဉ်းရှူသံများသည် မိုးသံကြားတွင် တိုးလျှ နစ်မြုပ်နေခဲ့သည်။ ဒီလိုပဲ အပြင်ကလူ၏ လှုပ်ရှားမှုတစ်စုံတစ်ရာသည်လည်း ထစ်ချုန်းမြည်ဟည်း သံများကြားတွင် ပျောက်ဆုံးအကာအကွယ် ရနိုင်သည်။ အား . . . သူမ ကြက်သီးတဖြန်းဖြန်း ထလျက် ခါးခါးသီးသီး ကြောက်ရွံ့လာသည်။ အစွမ်းကုန် အော်ဟစ်လိုစိတ်များသည် လည်ချောင်း နေရာ အနှံ့အပြားတွင် နစ်ဝင်စူးမြုပ်နေကြသည်။ သူမအတွက် ကူညီခြင်းဟူသော အလင်းရောင် သည် ရိုးရိပ်ဖျော့တော့မှျပင် ရောက်ရှိမလာခဲ့။

လျှပ်စစ်မီးများဖွင့်ဖို့တော့ သူမ ကြိုးစားရဦးမည်။ အမှောင်ထုသည် လူတစ်ဦး၏ စိတ်ဓာတ်ကို ရိုက်ချိုးဖျက်ဆီးပစ်နိုင်သည် မဟုတ်လား။ အလင်းရောင် အပိုင်းအစများသည်ပင် ခုအချိန်မှာ သူမအတွက် ခွန်အားဖြစ်လာနိုင်သည်ပဲ။ ဒူးများကို မသယ်နိုင်တော့သောကြောင့် သူမ တရွတ်တိုက်ဆွဲလျက် မီးခလုတ်များရှိရာသို့ စီးမျောရွေ့လျားသွားသည်။ မီးခလုတ်ဆီ မရောက်မီ မှာပင် တစ်စုံတစ်ရာအသံတစ်ခုသည် မိုးသံကိုခွင်းလျက် သူမဆီ ပြေးဝင်လာလေသည်။ တစ်စုံတစ်ခု ပြိုလဲကျဆင်းသွားသံ။ သစ်သားနှင့် ခပ်လေးလေး ထိတိုက်သွားသံတစ်ခု။ အပြင်က လူ လဲကျမူးမေ့သွားခြင်းလော။ ဒါမှမဟုတ် ဦးနှောက်သွေးကြောပြတ်ကာ သေဆုံးကျလဲသွားတာ လည်း ဖြစ်နိုင်သည်။ ထိုစဉ်မှာပင် လေးပေမီးချောင်း မီးဖြူကလေး လင်းလက်လာခဲ့သည်။ သူမလည်း စိတ်ဓာတ်အတန်အသင့် ဖွံ့ဖြိုးရှင်သန်စပြုလာသည်။

အပြင်ကလူ တစ်ခုခုဖြစ်တာကတော့ သေချာသွားပြီ။ ဒါကြောင့်ပဲ သူမ စိတ်ချ ပေါ့ပါးသွားတာလား။ အနည်းငယ် ရယ်မောလိုစိတ်တွေသည်

တင်းကျပ်ပိတ်ဆို့နေသော သူမ ရင်ခွင်ထဲ ထိုးဖြတ်ဖြိုခွင်း၍ ဝင်လာသောကြောင့် သူမ ခပ်တိုးတိုးရယ်သံ ထွက်ကြည့်လိုက်သည်။ သို့သော် အက်ကွဲသွေ့ရှသော ညည်းညူသံတစ်ခုအဖြစ်သာ သူမလည်ချောင်းထဲမှ ဖြတ်စီးထိုးခွဲ ထွက်လာခဲ့သည်။ နေပါစေ။ သူမ အတော်လေး စိတ်ငြိမ်သွားပြီ။ စိတ်ငြိမ်ဆေးနှစ်ပြား ခပ်သွက်သွက် စားလိုက်ပြီး၊ သူမ အဝတ်အစားများ လဲလိုက်သည်။ ပြီးနောက် ထုံးစံလို မီးမမှိတ်တော့ဘဲ ခုတင်ပေါ်တက်လှဲနေသည်။ ခဏအကြာမှာတော့ သူမမျက်လုံးများ စင်းမှေးလေးလံ လာတော့သည်။ သူမ စိတ်ချစွာ မအိပ်စက်ရဲသေးမှန်းကို သိနေရင်းကပင် ဘယ်လိုမှ မထိန်းနိုင်စွာ အိပ်ပျော်မှိတ်စက်သွားရတော့၏ ။ သိပ်ကိုလည်း ပင်ပန်းနာကျင်ခဲ့သည်ပဲ။ သူမတစ်ကိုယ်လုံးကို တစ်စုံတစ်ရာနှင့် ဖိသိပ်ကျပ်ခဲထားသလို ပိဆိုင်းထိုင်းမှိုင်းနေလေသည်။ ထို့နောက်တော့ သူမ ကမ္ဘာလောကတစ်ခုလုံး မောပန်းဖျားနာစွာ အိပ်မောကျ မှောင်မိုက်သွားခဲ့တောသည်။

သူမ စတင်အာရုံဝင်လာတာက တံခါးသံတိုးသဲ့သဲ့ ဖြစ်သည်။ ညက အဖြစ်အပျက် အားလုံးတို့သည် ဒုတိယမြောက် သူမခေါင်းထဲ စူးစူးရှရှ တိုးဝင်ဖြတ်စီးလာသည်။ ညကလူ တံခါး ခေါက်နေခြင်းများလား။ မိုးလင်းနေတာတော့ သေချာသည်။ လောက၏ အသံများသည် အလင်း ကမ္ဘာကို အသက်ဝင်စေနေသည်။ ကြောက်ရွံ့တုန်လှုပ်ခြင်းများလည်း ဆန်းကြယ်စွာ ဝေးလွင့်ပျောက်ဆုံးနေသည်။ သို့သော် သူမ ထ၍ မရတော့။ လှုပ်ရှားမှု အသေးအဖွဲကလေးအတွက်ပင် သူမ အားစိုက်မထုတ်နိုင်လောက်အောင် ပင်ပန်းလေးလံနေသည်။ ပြီးတော့ သေချာသေးသည်မှာ သူမ အပြင်းအထန် ဖျားနေပြီဆိုတာပဲဖြစ်သည်။ အဖျားဆိပ်သည် ဘယ်စဉ်ကတည်းက သူမ ကိုယ်ထဲ ဝင်ရောက်နေခဲ့သည်တော့ မသိ။ ခုအချိန်မှတော့ အတော်ရင့်သန်ဖိစီးနေသော အဖျားဆိပ်သည် စူးရှပျံ့နှံ့စွာ သူမတစ်ကိုယ်လုံးကို ပူခြစ်တောက်လောင်တော့မတတ် တုန်ရီ မူးမိုက်ခြင်းများဖြင့်

ချုပ်နှောင်ဖိစီးထားတော့သည်။

သို့သော် သူမ တံခါးဝသို့ရောက်အောင် သွားရဦးမည်။ အပြင်ကလူ၏ အခြေအနေ ကိုသိဖို့၊ ပတ်ဝန်းကျင်၏ အကူအညီကို ယူဖို့။

သူမ ခုတင်ပေါ်မှ လိမ့်ဆင်းချလိုက်ပြီးနောက် တွားသွားသလို တရွတ်တိုက် ဆွဲငင် ကာ ပင်ပန်းဆင်းရဲနာကျင်စွာ တံခါးဝဆီ လျှောဆင်းလာခဲ့သည်။ သူမ၏ ကိုယ်ခန္ဓာမှာ တဆတ်ဆတ် တုန်ယင်ပေါ့ပျက်နေသည်။ မူးမော အော့အန်လိုစိတ်များ လှုံ့ဝေလျက် အားအင်များ ဆုတ်ယုတ်ပျက်စီးနေပြီပဲ။ ရင်ထဲက နှလုံးသည် အပြင်သို့ ပြိုဆင်းဖိတ်စဉ်ကျလာတော့မတတ် ခုန်ပေါက်ပြင်းထန်နေ၏ ။ လည်ချောင်းအတွင်းမှာ လှိုက်စားလောင်ကျွမ်းနေသော မီးစများ ပြန့်ကြဲစဉ်နှံ့နေသလို။

စွမ်းအားသုံးကာ တံခါးချက်ကို ကိုယ်ကိုမြှင့်၍ ဆွဲချပေးလိုက်ပြီးနောက် သူမ အရုပ် ကြိုးပြတ် ပြိုလဲသွားတော့သည်။

"ဟင် . . . ဒေါက်တာ၊ ထင်တဲ့အတိုင်းပါလား၊ မနေ့က မိုးပြင်းမိပြီး ဖျားနေပြီကိုး၊ ကျွန်မတို့ မနက်အစောကြီးကတည်းက ထလာမလို့၊ မနေ့က ဒေါက်တာတစ်ယောက်တည်း မိုးထဲ လေထဲ ပြန်လာတာတွေ့ကတည်းက မနက်ဖျားနေတော့မှာပဲလို့ စိတ်ပူနေတာ၊ တော်ပါ သေးရဲ့၊ တံခါးလာဖွင့်ပေးနိုင်သေးလို့"

ဟိုဘက်ခန်းက အဘွားကြီးအသံပဲ။ သူမ အဘွားကြီးကိုကျော်လျက် အနောက်သို့ လှမ်းကြည့်လိုက်သည်။ အံ့ဩစဖွယ် တစ်စုံတစ်ရာမှ သံသယဖြစ်စရာ မတွေ့ပါ။ ဟိုလူ လဲကျ သေဆုံးနေခြင်းမျိုး ရှိမနေခဲ့။ ဒါမှမဟုတ် မူးမေ့သွားရာကနေ သတိပြန်လည်လာပြီး ပြန်လည် ထွက်ခွာသွားတာလည်း ဖြစ်နိုင်သည်။ ဒါဆိုရင်တော့ ဒီအဒေါ်ကြီးတွေ မြင်နိုင်မှာပဲ။

"လူ . . . လူတစ်ယောက် တွေ့လား . . . ထွက်သွားတာ"

လေးလံတိုးတိတ်စွာ မပီသ ရောပြွမ်းနေသောအသံကို အဘွားကြီး မနည်း နားထောင်ယူရပုံရှိသည်။ အံ့သြစွာ သူမကိုကြည့်ပြီး . . .

"ဟင့်အင်း . . . ဘာ လူတစ်ယောက်မှ မတွေ့ပါဘူး၊ ဘာဖြစ်လို့ပါလိမ့် ဒေါက်တာ၊ အဖျား တက်ပြီး ကယောင်ကတမ်းတွေ ဖြစ်ကုန်ပြီထင်ပါရဲ့၊ ကိုအုန်းခိုင်ရေ . . . လာပါဦး၊ ဒေါက်တာ့ကို ဆေးခန်းပို့ရအောင်၊ ဟုတ်ပါရဲ့၊ ကိုယ်တွေများ မီးခဲလိုပဲ ပူလိုက်တာ . . . "

အဘွားကြီး၏ ရေရွတ် ညည်းညူသံများကြောင့် သူမ ခေါင်းတွေ ပိုမို မူးရီလာ သည်။

"နေပါဦး အဒေါ် . . . ကျွန်မ သတိရှိနေပါတယ်၊ မေးတာ ဖြေစမ်းပါ၊ လူတစ်ယောက်လေ . . . ကျွန်မအိမ်ရှေ့မှာ လဲပြိုကျနေတာမျိုး"

"ဟင့်အင်း . . . ဘယ်သူမှ မရှိဘူး ဒေါက်တာ၊ မနေ့ညက ဒေါက်တာ ပြန်လာပြီးကတည်း က ဘာလူမှ ကျွန်မတို့အိမ်ရှေ့ ရောက်မလာတော့ဘူး"

"မနေ့ညက ကျွန်မနောက်က ကပ်ပါလာတဲ့ လူတစ်ယောက်လေ အဒေါ် . . . အဒေါ် ကျွန်မ ပြန်လာတာကို တွေ့တာ သေချာရဲ့လား၊ ကျွန်မပြန်လာတော့ အဒေါ်တို့ အိမ်မီးတွေ မှိတ်ထားပါပြီ"

"ကျွန်မတို့အိမ် ညက မီးပျက်နေလို့ပါ . . . ကျွန်မတို့ လင်မယားနှစ်ယောက်စလုံး ဧည့်ခန်း မှာ ထိုင်နေကြတာပဲ . . . ဒေါက်တာ ပြန်လာတာ ကျွန်မတို့နှစ်ယောက်စလုံး တွေ့တာပဲ၊ လှမ်းသာ မခေါ်ဖြစ်တာ"

တစ်ခုခုတော့ မှားယွင်းနေပြီဆိုတာ . . . သူမ သိလိုက်သည်။ သူမ ငြိမ်သက် တိတ်ဆိတ်စွာ စိတ်အနှောင့်အယှက်ဖြစ်နေတော့၏ ။ မကြာခင်မှာ ရပ်ကွက်ထဲက ဆရာဝန် တစ်ယောက်ကို အဘိုးကြီးပင့်လာတာ . . . သူမကို

ဆေးထိုးဆေးတိုက် လုပ်ပေးနေတာတွေကို သတိမလစ်ဘဲ သူမ ခံနိုင်ရည်တင်းနေခဲ့သည်။

လောကကြီးနှင့် သူမအကြားရှိ အစပ်အဆက်တစ်ခု ချွတ်ယွင်းသွားခြင်းများလား။ သူမ မနေ့က အဖြစ်အပျက်တွေကို ပြန်တွေးတောကြည့်သည်။ ဆေးခန်းမှာ အရက်အလွန်အကျွံ မူးနေသော လူနာတစ်ယောက်ကို နောက်ဆုံးကုသပေးပြီးနောက် ဆေးခန်းအပေါ်ထပ်မှာ သော့တက်ပေးပြီး အိမ်ရှင်တွေ ကြည့်နေသော မကောင်းဆိုးဝါး သရဲကားတစ်ကားကို ခဏ တစ်ဖြုတ်ဝင်ကြည့်ခဲ့ပြီး သူမတစ်ဦးတည်း ပြန်လာခဲ့သည်ပဲ။ မိုးများသည်းမိုက်စွာ ရွာသွန်း မှောင်ပိန်းလာစဉ်မှာ သူမ အရက်နံ့နှင့်အတူ ခြေသံတစ်ခုကို စတင်ကြားမိချောက်ချားလာခဲ့မိခြင်း ဖြစ်သည်။ ထိုစဉ်က ကြည့်ခဲ့သော သရဲကားကိုပင် ပြန်မတွေးမိအောင် သူမ ထိန်းသိမ်းမေ့ဖျောက် ထားခဲ့သေးသည်။ အရက်နံ့နှင့် ခြေသံကို သူမ တကယ်ပဲ ခံစားနေခဲ့ရတာ သေချာပါသည်။ ဘာတစ်ခုခုများ မှားယွင်းနေပြီလဲ။

သူမ၏ အနောက်မှ လူတစ်ဦး ယိုင်နဲ့နီးကပ်စွာ လိုက်ပါလာခဲ့ပါသည်။ ညအမှောင် မှာ ခြေသံတရှပ်ရှပ်ကို သူမ တကယ်ပဲကြားခဲ့၏ ။ ပို၍ သေချာသေးသည်မှာ အိမ်ဝမှ တစ်စုံတစ်ခု ပြိုလဲကျဆင်းသံကို သူမ ကြားသိခဲ့ရသည်ပဲ။ ထိုလူ လဲပြိုကျဆင်းခဲ့တာ သေချာပါသည်။ သူမ ဆီမှာ သေချာမှုတစ်မျိုး တွယ်ကပ်ကျန်ရှိနေသေးသည်။

ထိုနေ့က တစ်နေ့လုံး သူမ အိပ်ပျော်တစ်လှည့်၊ တွေးတော တစ်လှည့်ဖြင့် အဖြစ် အပျက်ကို သံသယရှိနေခဲ့သည်။ အဒေါ်ကြီးကတော့ အသေအချာပင်။

“ဒေါက်တာ တစ်ယောက်တည်းပါ . . . ဘယ့်နှယ် လူတစ်ယောက်ပါလာရမှာလဲ၊ ကျွန်မတို့ သေချာတွေ့နေခဲ့တာပဲ၊ နေပါဦး . . . ဒေါက်တာ တစ္ဆေတွေ ဘာတွေများ ဝင်ပူးခံရပြီလား၊ ခုဟာ မဖြစ်နိုင်သေးပါဘူး၊ ဒေါက်တာ တစ်ခုခု စိတ်စွဲခဲ့တာ ဖြစ်ပါလိမ့်မယ်၊ ဒေါက်တာ့ အနောက်မှာ လူ

လုံးဝမပါတာ ကျွန်မရော ကိုအုန်းခိုင်ပါ ကျိန်ပြောရဲတယ် . . . သေချာပါ တယ်၊ ဒေါက်တာ မှားနေတာ၊ တစ်ခုခုမှားနေတာ”

ဟု ပြောနေခဲ့သည်။ တစ်ခုခုမှားနေတာ ဆိုသည်ကိုပဲ သူမ သံသယဖြစ်နေသည်။ သူမ တကယ်ပဲ မကောင်းဆိုးဝါးတစ်ကောင်ကောင်၏ ဝင်ရောက်စီးနင်းပူးကပ်ခြင်းကို ခံခဲ့ခြင်း လော။ စွဲကပ်စူးရဲနေသော အရက်နံ့သည် သူမ၏ နောက်ဆုံးလူနာကို ကုသခဲ့စဉ်ကအတိုင်း။ ခြေသံတဖျပ်ဖျပ်သည်လည်း သူမနောက်နားမှာ ကပ်လျက်။ သူမ ဘာတစ်ခုခုကို စိတ်စွဲခဲ့ပါလိမ့်။ သူမ တကယ်ကြုံတွေ့ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်ပဲ။

“သူ တံခါးဝမှာ လဲကျသွားသံကိုလည်း ကျွန်မ ကြားခဲ့ပါသေးတယ် အဒေါ်ရယ် . . . ကျွန်မ တကယ်ဖြစ်ခဲ့တာပဲ ထင်တယ်”

“ကျွန်မတို့ အိမ်ရှေ့က ကုက္ကိုကိုင်းတစ်ကိုင်း မိုးဒဏ်လေဒဏ်နဲ့ ပြိုကျခဲ့သေးတယ် ဒေါက်တာ . . . အဲဒီ အသံ ဖြစ်မှာပါ၊ ဒေါက်တာ စိတ်ထင်နေတာပါ၊ စိတ်အေးအေး ထားလိုက်ပါ၊ အားရှိသွားအောင် အိပ်လိုက်နော်၊ ကျွန်မတို့ စောင့်နေမယ်”

အသံသည် တိုးတိတ်ပျောက်ကွယ်သွားသည်။ သူမ၏ စိတ်ဒဏ်ရာသည် ပိုမို ပြင်းထန်စူးရှလျက်။ သံသယသည် မှေးမှိန်ကွယ်ပျောက် သွားလိုက်၊ တောက်ပ အရောင်လက်လာ လိုက်နှင့် သူမ၏ ဦးနှောက်များကို ဖွဲ့ခြွေတိုက်စားနေသည်။ မိုးတစ်ည၏ စိတ်တစ္ဆေသည် သူမအား ဖမ်းစားခြောက်လှန့်ခဲ့သည်လား။ သူမ ချောက်ချားစွာ သက်ပြင်းရှိုက်လိုက်လေသည်။

ကမ္ဘာလောကကြီးနှင့် သူမအကြားတွင် တစ်စုံတစ်ရာ ပြတ်တောက်ကင်းမဲ့လျက် . . .။

*

## အဆိပ်ဆု

တိုက်ဆိုင်လှချည်လားဟု သူမ အံ့ဩလိုက်မိစဉ် ကြောက်မက်ဖွယ်ကောင်းသော စိတ်ကျေနပ်မှု တစ်ခုသည် နရီစည်းချက်မမှန်တော့ပြီဖြစ်သည့် သူမ၏ ရင်ခုန်သံများထဲသို့ စိမ့်ဝင်ထိုးဖောက်ဝင်လာခဲ့သည်။ တစ်ချိန်က သိပ်ချစ်ခဲ့ရသူဆိုသောအသိကို ခါးသီးသော အလွှာတစ်ခုက ဖုံးအုပ် ပိတ်လွှာထားခဲ့နှင့်ပြီး။ ခုအချိန်မှာ ကိုယ်ခံစားနေရသည့် ဝေဒနာလောက် မပြင်းထန်နိုင်တောင်မှ အနည်းအကျဉ်း သူ တန်ပြန်ခံစားရစေဖို့ သူမ ဆုတောင်းမွတ်သိပ်ခဲ့ဖူးသည်။

သူမ၏ ဝိညာဉ်သည် အလွန်လေးလံ ပိတ်ကျပ်သော အာဃာတတရားများကို သယ်ဆောင်လွယ်ပိုးလျက် ခရီးရှည်တစ်ခုကို ဖြတ်သန်းလာခဲ့ရသည်။ မုန်းတီးနာကျင်မှုများ ဖွဲ့စည်း ဖိသိပ်လျက် ခံပြင်းရခက်စွာ အမုန်းတရားနှင့် မာနတရားတို့ စုသိမ်းရှင်သန်စေခဲ့ဖူးသည်။

အခုအချိန်မှာတော့ သူမသည် ထိုအရာအားလုံးကို စွန့်လွှတ်ချန်ရစ်လျက် တမလွန် ဆိုသည့် ခရီးသစ်ဆီ လျှောက်လှမ်းရတော့မည်။ သူမအတွက် အရှုံးများစွာနှင့်ပဲ ကလဲ့စားချေခွင့် တစ်စုံတစ်ရာမရလိုက်ဘဲ ပြီးစီးလွယ်ကူစွာ ဒီလောကမှ ထွက်ခွာသွားရခြင်းမျိုးကို မနှစ်မြို့ပါ။

သူမကို ရက်ရက်စက်စက် ပစ်ခွာခဲ့သောအချိန်မှစ၍ သူမသည် သူ့ကို တန်ပြန် ရက်စက်ခွင့်ကြုံဖို့ စောင့်ဆိုင်းအလှည့်တောင်းနေခဲ့မိသည်။ ယနေ့အချိန်ထိ လပေါင်း အတော် အလျားရှည်ခဲ့သော်လည်း သူနှင့်ပတ်သက်သည့် တစ်စုံတစ်ရာသတင်း သူမ မရခဲ့ပါ။

သူမ၏ နောက်ဆုံးချိန်ဆိုတာ မရောက်သေးခင် ကာလအထိ သူမ အနိုင်ရယူဖို့ စောင့်ဆိုင်းနေမိဆဲဖြစ်သည်။ ဝေဒနာတောထဲ မျောနစ်နေချိန်အထိ သူမ၏ အာဃာတ,တရားများ အံ့ဩစဖွယ် ရှင်သန်နိုးကြားနေခဲ့သည်။

သူမ နောက်ဆုံး စိတ်ကို ဖြေလျှော့လွှင့်ပစ်လိုက်စဉ်မှာမှ သူမအတွက် သေခြင်း တရား၏ နောက်ဆုံးခရီးမှာ လက်ဆောင်တစ်ခု ရရှိခဲ့သည်။

"နောင်ရဲ . . . ဒီဆေးရုံပေါ် ရောက်လာတယ် . . . " တဲ့။

မမ၏ တိုးလွမ့်တည်ကြည်သော စကားစုကလေးကို ကြားနိုင်စွမ်းရှိနေသေးသည်မှာ အံ့ဩဖို့ကောင်းသည့် စိတ်တန်ခိုးပေပဲ။ ဝေဒနာဖြင့် ခြောက်သွေ့ပြာနှမ်းနေမည့် သူမ၏ နှုတ်ခမ်း များ တွန့်ကွေးလှုပ်ရှားမှု တစ်စုံတစ်ရာ ရှိခဲ့လိမ့်မည်။ နှလုံးသားထဲက လှိုက်လှဲတောင့်တစွာ ပြုံးချင် တာပါပဲ။ ကျေနပ်ပြုံး သရော်ပြုံး တစ်ခုခုပေါ့။ သို့သော် သူမ ဘာတစ်ခုမှ လှုပ်ရှားစွမ်းဆောင် နိုင်စွမ်း မရှိတော့ . . .။ အက်ကွဲနာကျင်သော နှုတ်ခမ်းတစ်စုံပင် လှုပ်ရှားဖို့ မလွယ်ကူတော့။ သူမ တစ်ကိုယ်လုံး လွင့်မျောဖြာထွက်သွားလိုက်၊ တင်းကျပ်ပိတ်ခဲသွားလိုက်နှင့် အသက်ထွက်ဖို့ စောင့်စားရင်ဆိုင်နေရချိန်မှာ . . .

"နောင်ရဲ မျက်လုံးတစ်ဖက် ကန်းသွားတယ်တဲ့ . . . မျက်လုံးတစ်လုံး အစားထိုးရမယ် ထင်တယ်၊ ဆိုင်ကယ်မှောက်တာပဲလေ . . . ညီမလေးနဲ့တုန်းက ဘာမှမဖြစ်ခဲ့သမျှ အခုမှ အလူးအလိမ့်ခံနေရပြီ"

ဟင် . . . မျက်လုံးတစ်လုံး အစားထိုးရမည် ဆိုပါလား။ ပေါက်ကွဲပွင့်ထွက်သွား သော ရောင်စဉ်တန်းတစ်ခု သူမဦးနှောက်ထဲ ပွင့်ကျထိုးဖောက်လာသည်။ ရင်ခွင်တစ်ခုလုံးက ဆိုးဆိုးဝါးဝါး နာကျင်ခံခက်သွား၏ ။ စိုးရိမ်ကြောင့်ကြမှု။ သူမ အော်ဟစ်အသိပေးလိုက်ချင်သည်။

"ငါ သေသွားရင် လှူခဲ့မယ်ဆိုတာ သူ့အတွက် မဟုတ်ဘူး . . . ငါ့မျက်လုံးကို သူ့မျက်နှာထဲ ထည့်သွင်းတပ်ဆင် မပေးလိုက်ကြပါနဲ့ပ . . . ငါ

လိုလားတာ သူ့ရဲ့နာကြည်းခါးသီးတဲ့ ခံစားမှုတွေ၊ ငါ့မျက်လုံးနဲ့ ဆက်လက်အသက်ရှင်စေဖို့၊ အဆင်ပြေချောမွေ့စေဖို့ ငါ ဘယ်တုန်းကမှ ဆုမတောင်းခဲ့ဘူးနော် သိလား . . .

ငါ့မျက်လုံးကို သူ့အတွက်ဆိုရင် မလှူပါရစေနဲ့တော့ . . . ”

သူမ၏ အာဃာတတရားများ၏ မီးတောက်မီးလျှံများအတွက် တန်ပြန်ဒဏ်ခတ်မှု တစ်ခု မထင်မှတ်စွာ ရောက်ရှိလာခဲ့ပြီလား။ အို . . . သူမ တစ်ကိုယ်လုံး တလှိုက်လှိုက် ပူပြင်း ခါးသီးလာသည်။

မျက်လုံးအလှူရှင်ဆိုတာ အတော့်ကိုရှားပါးမှာပဲ။ ကြုံတောင့်ကြုံခဲ သူမ၏ ပြင်းပြ ထက်သန်သော မွန်မြတ်မှုတစ်ခုအနေဖြင့် . . . သူမ သေလျှင်၊ သူမမျက်လုံးကို လှူဖို့ သူမ မှာကြားခဲ့ဖူးသည်။ ဘယ်လို ပြန်ပြင်ဆင်ငြင်းဆန်ရပ့်ါမလဲ။ သူမလောက် စိတ်ထားခက်မာ ပြင်းပြမှု မရှိသည့် မမတို့ကရော စိတ်ထားနူးညံ့မွန်မြတ်ကာ သူ့ကိုပင် ရန်သူလို လုံးဝမသတ်မှတ်ခဲ့တာ သူမ အသိ။ အဲဒီ တုန်းက . . .

“ဖြေပေ့ါ ညီမလေးရယ် . . . ကံတရားပဲပေ့ါ၊ နောင်ရဲနဲ့ ညီမ နှစ်ယောက် ဆိုင်ကယ်မှောက် တဲ့အထဲမှာ နောင်ရဲက ဘာမှမဖြစ်ဘဲ ပကတိအကောင်း၊ ညီမလေးက မျက်နှာတစ်ခြမ်း ပျက်စီးချွတ်ယွင်းသွားတယ် . . . အတွင်းဒဏ်ရာလည်း ရသွားတယ်၊ ခြေတစ်ချောင်းလည်း ဖြတ်ပစ်လိုက်ရတယ်ဆိုတော့ ညီမလေးဘက်က အရမ်းခံစားရတာ မှန်ပေမဲ့ နောင်ရဲက တော့ ညီမလေးနဲ့ မျှဝေခံစားဖို့ ဘယ်ဖြစ်နိုင်မှာလဲ . . . ဘယ်လောက်ပဲ ချစ်တဲ့ချစ်သူတွေပဲ ဖြစ်ဖြစ်၊ ကိုယ်အင်္ဂါ မစုံလင်တော့တဲ့ လူတစ်ယောက်ကို နားလည်သစ္စာထားဖို့ သိပ်ခက်ခဲ သွားပြီ၊ လူဆိုတာ အလှမက် အကောင်းကြိုက်ကြမှာ ဓမ္မတာပဲ ညီမလေး . . . နောင်ရဲကို ခွင့်လွှတ်လိုက်စမ်းပါ၊ သူ အသစ်ရှာသွားတာကို ဖြေဆည်နားလည်ပေးလိုက်စမ်းပါ၊ သူ့ကို မေ့လိုက်တော့ . . . ”

ဟုပင် သူမကို ဖျောင်းဖျခဲ့ဖူးတာ။ သူမကတော့ လပေါင်း အတော်ကြာအောင် အသက်ရှင်နေထိုင်ခွင့်ရသည့် ကာလအတွင်းမှာ သူ့အပေါ် မုန်းတီးနာကြည်းမှုတွေ ပျိုးယူရှင်သန် စေပြီး လက်စားချေနိုင်ဖို့အရေးကို ချောင်းမြောင်းစောင့်စည်းခဲ့ပါသည်။ သူမကို ဘ၀သေဆုံး ကြေပျက်မှုများဖြင့် ရက်စက်စွာ ပစ်ထားရက်သူကို ရှိသမျှ ဘ၀နှင့်ရင်း၍ တန်ပြန်ခံစားနာကျင်စေ ဖို့ ကြိုးပမ်းစောင့်စားခဲ့ရသည့် ကာလက တိုက်ဆိုင်လွန်းစွာ သူမ လောကကြီးထဲမှ လွင့်စဉ် ထွက်သွားရတော့မည့်ဆဲဆဲမှာမှ ရောက်ရှိကြုံကြိုက်လာခဲ့သည်။

ကြည့်စမ်း . . . ဘယ်လောက် အံ့သြစရာ ကောင်းသလဲ။ သူမတုန်းကလိုပင် သူလည်း ဒုတိယအကြိမ်အဖြစ် ဆိုင်ကယ်ထပ်မှောက်ပြီး သူမလိုပဲ ကိုယ်ခန္ဓာချွတ်ယွင်း ချို့တဲ့မှု ဖြင့် ဆေးရုံသို့ရောက်ရှိလာရပြီ။ သူမတုန်းကလိုပဲ သူ၏ ချစ်သူက သူ့ကို စွန့်ခွာထားပစ်လိုက်လျှင် . . . ဘုရားရေ၊ တိုက်ဆိုင်လွန်းလိုက်တာ။ သူမ ဆုတောင်းများက အဆိပ်များအဖြစ် သူ့ထံ အဆိပ် သင့်စေခဲ့သည်လား။ ဒီလိုသာ တကယ်ဆို သူမ လွတ်မြောက်စွာ ပျော်ရွှင်ရယ်မောသင့်သည်။ သို့သော် သူမအတွက် တန်ပြန်ဒဏ်ခတ်မှုတစ်ခုက မည်းနက်ပြင်းထန်စွာ သူမ၏ သွေးစိုလျှမ်း သော နှလုံးသားဆီ တွန်းတိုက်ကျရောက်လာခဲ့သည်။ သူမ လှူမည်ဟု ၀န်ခံကတိပြုခဲ့သည့် သူမ၏ မျက်လုံးဖြင့် သူ့ကို အစားထိုးကုသပစ်လိုက်လျှင်ကော။ သူမကိုယ်စား အာဃာတကြီးမား ခါးသီးစွာ ငြင်းဆန်ပေးမည့်သူလည်း မရှိ။ သူမကိုယ်တိုင် နာနာကြည်းကြည်း ငြင်းဆန်ချင်လှပါ သည်ကွယ်။ သို့ပေမဲ့ လက်ဖျားကလေးမျှပင် လှုပ်ရှားနိုင်စွမ်းမရှိတော့သော သူမ၏ နှုတ်ခမ်းများမှာ လေတိုးသံမျှပင် ထိုးခွဲထွက်မလာနိုင်တော့ပါ။

အရောင်အဆင်း ကင်းမဲ့မှုန်၀ါး ပြာနှမ်းနေသော သူမ၏ မျက်လုံးများမှ ငြင်းဆန် ခါးသီးရိပ်များကိုလည်း မမ ဖတ်တတ်မည် မထင်ပါ။

အို . . . သူမ၏ ၀ိညာဉ်သည် လေးလံဖိစီးသော သောကအစိုင်အခဲများကို

သယ်ဆောင်လျက် လွင့်ပါးသွားရတော့မည်လား။

ဘုရားရေ . . . သူမ ရင်တွင်းမှာ ပြင်းထန်စွာ အော်ဟစ်ငြင်းဆိုနေခဲ့သည်။ ကျယ်လောင်ပေါက်ကွဲစွာ သူမရင်တစ်ပြင်လုံး ပွင့်ထွက်တောက်လောင်တော့မတတ်။

ဘုရားသခင် . . . ကျွန်မကို ရက်စက်ခဲ့သူ၏ အဆင်ပြေချောမွေ့သွားစေမှုအတွက် ကျွန်မ မျက်လုံးဟာ ဓားစာခံ အဖြည့်ခံပစ္စည်း မဖြစ်ပါရစေနဲ့ ဘုရား။ ကျွန်မ၏ မျက်လုံးအလှူမှ ရသင့်သော ကုသိုလ်ပါရမီကြောင့် ဤဆုတောင်းလေး နောက်ဆုံး ပြည့်ခဲ့ပါရစေ။ ကျွန်မ၏ မျက်လုံး သူ့မျက်တွင်းဟောက်ပက်ထဲ မထည့်သွင်းလိုက်ပါရစေနဲ့။

ဖိစီးမှုများစွာသည် အဆိပ်ဆူးများလို သူမ၏ ကိုယ်ခန္ဓာအတွင်း လှည့်ပတ်စီးဆင်း လာနေပြီ။ အသက်ကို ခဲယဉ်းလေးလံစွာ ရှိုက်သွင်းနေရသည်။ သူမ၏ ရင်ဘတ်သည် မို့မောက် လာလိုက်၊ ချိုင့်ခွက်သွားလိုက်နှင့် သူမ၏ တစ်ကိုယ်လုံးကို အဆုံးစွန်သော ဝေဒနာတွေက ရစ်ပတ် ချည်နှောင်လိုက်ပြီး ပြင်းထန်စွာ စွဲကျပ်နေကြသလို သူမရင်ထဲ မီးတောက်မီးလျှံတွေ လောင်ကျွမ်း စပြုနေပြီ။ အား . . . အေးမြငြိမ်းချမ်းမှုတစ်ခုကို သူမ ဘယ်လို ရှာဖွေဖမ်းဆုပ်ယူနိုင်ပါ့မလဲ။

ထိုစဉ် . . . အခန်းထဲဝင်လာသော ညင်သာနက်နဲသော ခြေသံတစ်ခုကို စတင် ကြားရသည်။ ထိုခြေသံကပင် သူမ၏ လည်ချောင်းပေါ်သို့ ဖိနင်းတိုက်ဖြတ်သွားနေသလို။ အေးစက်စူးရှသော လက်ချောင်းရှည်ရှည်ချွန်ချွန်များပမာ သူမ၏ လက်ဖဝါးဆီမှာ စူးနစ် အဆိပ် ပျံ့နှံ့နေသော ဝေဒနာတစ်ရပ် စတင်ခံစားနေရသည်။

တစ်စုံတစ်ယောက် သူမ၏ လက်ကို ဖိကိုင်ဆုပ်ထားလိုက်သည်ပဲ။ ဘယ်သူပါလိမ့်။ သူမ မျက်ဝန်းများရှေ့မှာ ပိန်းပိတ်ထူထဲသော ပိတ်စအနက်ရောင်

သို့မဟုတ် ခရမ်းပြာရောင် တစ်စုံတစ်ခုကို လာရောက်ဖုံးလွှမ်း ကာဆီးထားသလိုပဲ။

အို . . . သူများလား။ ကြည့်စမ်း . . . နောက်ဆုံးအချိန်အထိ သူ့ကို လက်စားချေ မတုံ့ပြန်ခွင့်ရဖို့ စောင့်စားနေခဲ့သော သူမသည် သူမ လိပ်ပြာလွင့်စဉ် ထွက်သွားခါနီး အချိန်အထိ မမေ့မပျောက် တမ်းတနေခဲ့ဆဲပါလား။

သိပ်ချစ်ခဲ့တာတွေကို ပြန်လည်အမှတ်ရသလို ခပ်ရိပ်ရိပ် ပြေးနေသော ပြာနှမ်း သည့်မြင်ကွင်းများ သူမမျက်ဝန်းထဲ ထိုးဖောက်ဝင်လာသည်။

သူမက ‘ကိုကို’ ဟု ခေါ်ခဲ့သော သူ့ကို ကိုးစားယုံကြည်စွာ သူမ ချစ်ခဲ့သည်ပဲ။

သူ၏ ကြင်နာရိပ် ယှက်သန်းသော မျက်ဝန်းများ၊ ဖေးမနွေးထွေးသော နှုတ်ခမ်းများ၊ ယုယတွယ်တာမှုများ စိမ့်ပုံ့နစ်မျောနေသည့် လက်ချောင်းများ။ အို . . . သူမ သူနှင့် ချစ်ခင် တွယ်ငင်ခဲ့စဉ်က ကမ္ဘာပေါ်မှာ အပျော်ဆုံးမိန်းကလေး ဖြစ်ခဲ့ဖူးသည်လေ။

သူမကို သူ့ပယောဂဖြင့် ကြွေပြုန်းပျက်စီးစေပြီး အမှိုက်တစ်စပမာ လှည့်မကြည့်ဘဲ ထားရက်ခဲ့မည်ဟု သူမ ဘယ်တုန်းကမှ မျှော်လင့်ယုံကြည်မှု မရှိခဲ့ပါ။

သို့သော် . . . တကယ်တမ်း ထိပ်တိုက်ရင်ဆိုင်ခဲ့ရသောအခါ သူမခွန်အားတို့ ကျဆုံး၊ သူမဆီမှ အရာရာတို့ သိမ်းနုတ်အယူခံခဲ့ရသလို ယိုယွင်းပြိုလဲခဲ့ရသည်။

ထိုအချိန်မှစ၍ သူမထံမှာ ခွာထုတ် တွန်းဖယ်၍ မလွယ်ကူတော့သည့် နာကြည်း ခြင်းများ၊ အာဃာတတရားများ သူမနှလုံးအိမ်မှ ချိတ်ခိုငြိတွယ်လာခဲ့တော့သည်။

သူမ မသေဆုံးခင် သူ၏ နာကျင်ခါးသီးသည့် ခံစားမှု တစ်စုံတစ်ရာကို

အရသာခံ ကြားနာနိုင်ဖို့၊ ကံကောင်းလျှင် သူ့ရှေ့မှာ ခါးထောက်ရပ်လျက် အရသာခံ ကြည့်ရှုရယ်မောပစ်နိုင်ဖို့ အထပ်ထပ် အဖန်ဖန် ဆုတောင်းခဲ့ပြီးနောက် သက်တမ်းကိုလည်း ရနိုင်သမျှ ဆွဲဆန့်ရှည်လျားစေ ခဲ့သည်ပဲ။

ယခု သူမအလှည့် ကျရောက်လာပြီ။ သူ၏ ပျက်စီးကျဆုံးမှုကို ရပ်ကြည့်နိုင်ခွင့် မရှိတော့ပေမဲ့ ကြားနာနိုင်စွမ်း ခပ်တဲတဲ ကျန်ရှိသေးသည်။ ပြောပေးကြစမ်းပါကွယ်။

"နောင်ရဲ မျက်လုံးကန်းသွားပြီ . . . ဘဝတစ်လျှောက်လုံး မျက်မမြင် ဒုက္ခိတဖြစ်သွားပြီ၊ သူ့ချစ်သူကလည်း သူ့ကို စွန့်ပစ်ကျောခိုင်းသွားခဲ့ပြီလေ" `

လို့။ ဟား ဟား . . . သူမ ရယ်မောရတော့မည်။ သို့သော် . . .

"မထားဆုငြိမ်း ဒါနမြောက်သွားပြီ ခင်ဗျာ . . . မထားဆုငြိမ်း လှူမယ်ဆိုတဲ့ မျက်လုံးကို တိုက်ရိုက်ခံယူခွင့်ရတော့မဲ့ လူနာတစ်ယောက် ရှိလာတယ် . . . သာဓုခေါ်ပါတယ်ဗျာ၊ မွန်မြတ်ပါတယ်၊ စိတ်အေးအေးထားတော့နော်၊ တချို့ဆို မျက်လုံးလှူသာ လှူသွားခဲ့တာ၊ ခုလို လူတစ်ဦးဆီ တိုက်ရိုက်ထည့်သွင်းခွင့် အလွယ်တကူရတာ မဟုတ်ဘူး၊ လူနာ မရှိရင် လေ . . . အခု မထားဆုငြိမ်း သဘောတူတယ် မဟုတ်လား၊ အဲဒီ လူလည်း အတော် ကံကောင်းသွားတာပေါ့"

မဟုတ်ဘူး . . . မဟုတ်ဘူး ဒေါက်တာ၊ တစ်ဆိတ် ကျေးဇူးပြုပြီး ကျွန်မမျက်လုံး များထဲ ထွင်းဖောက်ကြည့်လိုက်ပါ။ ခါးသီးငြင်းဆန်သော အရိပ်တစ်စတလေလောက် ဒေါက်တာ မြင်နိုင်စွမ်းရှိလိုက်စမ်းပါ။

ကျွန်မရဲ့ဒါနဟာ ကျွန်မ ကလဲ့စားချေလိုသူအတွက် ဖြေဆေးမဟုတ်ဘူး။ ကျွန်မ ကြားလိုတာဟာ ကျွန်မမျက်လုံးနဲ့ သူ လူရာဝင်ပြည့်စုံရတော့မယ်ဆိုတာ မဟုတ်ဘူး။

ကျွန်မကို ကျိုးပဲ့ကြေဆုံးမှုများနှင့် စွန့်ပစ်ခဲ့သူဟာ အလားတူ ပျက်စီး ချွတ်ယွင်းမှု များနှင့် လောကကြီးမှာ လူတောမတိုးနိုင်ဘဲ ကျွန်မလို

မျှော်လင့်ချက်ပြိုကွဲ၊ စိတ်ဓာတ်ကျဆင်း သေဆုံးသွားရတော့မယ်ဆိုတဲ့ အနိဋ္ဌာရုံသတင်းပဲ ကျွန်မ ကြားလိုခဲ့တာ။

ဆရာဝန်က သူမကို စောင့်ကြည့်နေသည်ဟု ခံစားရသည်။ သူမရင်တွင်းမှ ဆူညံ့ အော်ဟစ်ပေါက်ကွဲသံများ တစ်စွန်းတစ်စ အပြင်သို့ ဖိတ်လျှံဆင်းကျလာရင် သိပ်ကောင်းမှာပဲ ကွယ်။ မဟုတ်ဘူးဆိုတာဖြစ်စေ၊ မလျှော့ဘူးဆိုတာဖြစ်စေ၊ ငြင်းဆိုသံ တစ်ခုလောက် ပြိုဆင်းပဲ့ကျ လာပါစေ။ သူမနှုတ်ခမ်းတွေ အားယူလှုပ်ရှားနေမိသည်။ သူမ၏ လေးလံပိဆိုင်းကျနေသော မျက်ခွံ များကို ဖွင့်ဟလှစ်ပြဖို့ ကြိုးစားနေမိသည်။

စေးကပ် ပိညက်နေသောချောင်မှ ရုန်းထလှုပ်ရှားဖို့ ကြိုးစားနေသူပမာ သူမထံမှ စွမ်းအင်များ ပျောက်ဆုံးတိမ်မြုပ်ကုန်သည်။

သူမရှေ့တွင် အရောင်စူးစူး အလင်းတန်းများ၊ အမှောင်ရိပ်များ တစ်လှည့်စီ လှိုင်းထရွေ့လျားနေကြသည်။

တဝုန်းဝုန်း ထုရိုက်သံတွေ၊ ဖန်သားများ ကျကွဲရှတသံတွေ၊ မကောင်းဆိုးဝါးတွေ အော်ဟစ်ရယ်မောသံတွေကြားမှာ သူမ ပိတ်မိချုပ်နှောင်ခံနေရပြီ။ ပြီးနောက် သူမလေဟာနယ်မှာ လွင့်စဉ်မျောရွေ့သွားသည်။ အတိုင်းအဆမဲ့ ရွေ့လျားလျက် တစ်စုံတစ်ခုကို ဖမ်းမိဆုပ်ကိုင်နိုင်ဖို့ သူမ ကြိုးစားသေးသည်။

သူမတစ်ကိုယ်လုံး ငှက်တောင်မွေးတစ်ခုလို ပေါ့ရှပ်လွင့်မျောလျက်။

“သူ့ကို ဒဏ်ပြန်ခတ်ပါရစေဦး . . . ကလဲ့စား ချေပါရစေဦး”

အလွန်တရာ သေးကွေးစူးရှသော အသံစိမ်းနက်နက်တစ်ခုဖြင့် သူမ အော်ဟစ် တောင်းဆိုနေမိသည်။

“ကျွန်မ မျက်လုံးကို သူ့ကို မလျှော့ပါရစေနဲ့၊ ဟင့်အင်း . . . ကျွန်မမျက်လုံး

သူ့ထံမှာ ဆက်လက်ရှင်သန်ခွင့် မရချင်ပါဘူး။ သူ မပြည့်စုံဘဲ ရှိနေပါစေ၊ အတ္တ . . . ကျွန်မ အတ္တ ကြီးတာ မဟုတ်ပါဘူး၊ ကျွန်မ ကျဆုံးခံစားခဲ့ရသမျှအတွက် အောင်နိုင်မှုတစ်ခုလောက် ပေးကြစမ်းပါ . . . ကျွန်မ ရစမ်းပါရစေ၊ ကျွန်မမျက်လုံး သူ့ထံမှာ မပေါင်းဆုံပါရစေနဲ့၊ ကျွန်မရဲ့ အောင်နိုင်မှုအဖြစ် ကျွန်မအလှူကို ငြင်းဆိုခွင့်ကလေး ကျွန်မ မသေခင် ရလိုက်ပါ ရစေ”

ဝဲဂယက်တစ်ခုပမာ သူမ လည်ချောင်းအတွင်း လှည့်လည် မွှေနှောက်လျက် သူမ နှုတ်ခမ်းဝဆီ ငြင်းပယ်စကားတချို့ တိုက်စားသယ်ဆောင်လာစေပြီး နှုတ်ခမ်းဆီမှ ထိုးခွဲ ထွင်းဖောက်လာပါစေတော့။ သူမ၏ နောက်ဆုံးအချိန်ဟာ အလွန်ပဲ နီးကပ်ဖိစီးလာနေပါပြီ။ တစ်စုံ တစ်ယောက် လေနှင့် ဖွဖွမှုတ်ချပစ်လိုက်လျှင်ပင် သူမဝိညာဉ် လွင့်ပျောက်ထွက်သွားတော့မည်။

သူမ၏ ဝိညာဉ်သည် ဘယ်လိုမှ လွတ်မြောက်ကင်းစင်တော့မည် မဟုတ်ဟု သူမ ထိတ်လန့်တုန်လှုပ်စွာ သိလိုက်ရသည်။ သူမ၏ ဝိညာဉ်သည် တစ်စုံတစ်ခုကို ပင်ပန်းဆင်းရဲစွာ သယ်ဆောင်ယူငင်သွားရတော့မည်။

သံသယတစ်ခုကိုပေ့ါ။ ငါ့မျက်လုံး သူ့ဆီရောက်လာပြီဟူသော သံသယတစ်ခုကို ပေ့ါ။ သူမ ဘယ်လိုမှ ပေ့ါပါးဖြူစင်မှု မရရှိနိုင်တော့ပါ။

ခေါင်းခါပြဖို့ပင် သူမ၏ ခေါင်းကို အလွန်လေးလံအေးစက်သော ညှပ်တစ်ခုဖြင့် ဖိညှပ်ပိတ်ဆို့ထားသလို။ ထိုခဏမှာပင် သူမအသိဉာဏ်ထဲတွင် အမှောင်ရိပ်တို့ ကြီးစိုးလာခဲ့သည်။

စူးစူးရှားရှား သူမ အော်ဟစ်ငြင်းဆန်၊ ရှိသမျှ စွမ်းအားတို့ဖြင့် တစ်စုံတစ်ခုကို ကုတ်ခြစ်ဖဲ့ခြွေပစ်ဖို့ ကြိုးစားစဉ် သူမကိုယ်သည် မြင့်မားထိုးထွက်နေသော တောင်ချွန်တစ်ခုဆီမှ လွင့်ကျမျောစဉ်လာခဲ့ပြီးနောက် ပေါက်ကွဲစွာ ထစ်ချုန်းသံတစ်ခု မြည်ဟည်းလာခဲ့ကာ အမှောင်ထု ကြီးက သူမကို ဖမ်းယူပစ်လိုက်တော့သည်။

အရာအားလုံး၊ ထို့နောက်မှာ တိတ်ဆိတ်ငြိမ်သက်၊ သူမ ခေါင်းတစ်ချက် လှုပ်သွားခဲ့ သည်။

"ညီမလေး . . . "

သူမ၏ မမက ဆို့ဆို့နစ်နစ် အော်ဟစ်ငိုကြွေးလိုက်လေသည်။ အတွင်းဝေဒနာကို လပေါင်းအတော်ကြာ ခံစားခဲ့ရပြီးနောက် ဝဋ်ကြွေးကင်းလွင့်မြောက်သွားသော သူမကိုဖက်ကာ ငြိမ်သက်သွားသည်။

သူမ၏ ခံစားချက် တစ်စုံတစ်ရာကိုမျှ သူမ၏ မမ မျှဝေရိပ်မိနိုင်စွမ်း မရှိခဲ့ပါ။ သူမ တိတ်ဆိတ်စွာ သေဆုံးခဲ့သည်ဟုပဲ ရိုးသားစွာ တွေးတောကာ မျက်လုံးထုတ်ယူဖို့အတွက် ဆရာဝန် ကို ဖြည်းညင်းပျော့ပျောင်းစွာ ခေါင်းညိတ်ပြလိုက်လေသည်။

*